# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 9 January 2024 ၁၁၃၃၅


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၈**

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ


**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး**

..................

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် အစားထိုးခန့်အပ်**

စာမျက်နှာ » ၄

**ရန်ကုန်တွင် ကရင်ရိုးရာ ပျားဖွပ်ပြိုင်ပွဲ ပြန်လည်ပြုလုပ်မည်**

စာမျက်နှာ » ၅

**အာချေးရောက် ဘင်္ဂါလီအမှုကို ရှာလာပတ်တဲ့ အင်ဒိုနီးရှား**

ဆောင်းပါး စာမျက်နှာ » ၆


## ထောပတ်သီးတန်ချိန် ၂၅၀၀ ခန့် ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့

**ရန်ကုန် ဇန်နဝါရီ ၈**

ထောပတ်သီးရာသီ၌ မြန်မာ့စိုက်ပျိုးရေး ထွက်ကုန်သီးနှံဖြစ်သော ထောပတ်သီးများကို ထိုင်းနိုင်ငံတစ်ခုတည်းကိုသာ တင်ပို့နေပြီး လက်ရှိအချိန်အထိ တန်ချိန် ၂၅၀၀ ခန့်အထိ တင်ပို့ထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးရောင်းချသူများအသင်းမှ တာဝန်ရှိသူက ပြောသည်။

"အခုလက်ရှိကတော့ ထိုင်းနိုင်ငံတစ်ခုတည်းကိုပဲ တင်ပို့နေတယ်။ ထောပတ်သီးရာသီအစကနေ လက်ရှိအချိန်ထိ ထောပတ်သီးအမျိုးအစားမျိုးစုံ အကုန်လုံး တန် ၁၀၀၀ ကနေ ၂၅၀၀ လောက်အထိ တင်ပို့ဖြစ်ခဲ့တယ်။ ထောပတ်သီးရာသီကတော့ ၈ လပိုင်းကနေစပြီး အမျိုးအစားပေါ်မူတည်ပြီး အမျိုးမျိုးရှိပါတယ်" ဟု ပြောကြားသည်။

လက်ရှိထိုင်းနိုင်ငံသို့ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တင်ပို့နေပြီး ဈေးနှုန်းအနေဖြင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

ကြေးမုံ

# အေးချမ်းမှုဆောင်ကြဉ်း နိုင်ငံ့စီးပွားမြင့်တင်

ကမ္ဘာပေါ်ရှိနိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှုရှိသောနိုင်ငံများရှိသကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသေးသော နိုင်ငံများလည်းရှိသည်။ နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ပဋိပက္ခအမျိုးမျိုးရှိမည်ဖြစ်သော်လည်း အခက်အခဲအမျိုးမျိုးကြားမှ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်။ တည်ငြိမ်အေးချမ်းမှုရှိသောနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝပိုင်ဆိုင်နိုင်သော်လည်း တည်ငြိမ်အေးချမ်းမှုမရှိသော နိုင်ငံများမှာ တိုးတက်မှုနှေးကွေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုရှိအောင် ဝိုင်းဝန်းကြိုးစားပြီး နိုင်ငံ့စီးပွားမြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံသားအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြသူများဖြစ်သည်။ ကျေးလက်နေလူဦးရေ ၇၂ ရာခိုင်နှုန်းအနက် ၄၅ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးနှင့်အသက်မွေးကြသူများဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများလည်း တွဲဖက်လုပ်ကိုင်ကြသည်။ အခြားကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးနှင့်ဆက်နွှယ်သည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရေရရှိရေး၊ မြေဩဇာ၊ အစားအစာ၊ မျိုးကောင်းမျိုးသန့်၊ စိုက်နည်းစနစ်တို့ကို ကြိုးစားအားထုတ်မှုဖြင့် ပေါင်းစပ်လုပ်ကိုင်မည်ဆိုပါက အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး၏ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားယုံကြည်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုမဏ္ဍိုင်ပြု၍ ချမှတ်ထားသော အဂ္ဂမဟာဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို လက်တွေ့ကျကျကျင့်သုံးပြီး ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့အကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွား မျှတစွာဖြစ်ပေါ်လာရေးအတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး အေးချမ်းပျော်ရွှင်စွာဖြင့် အသက်မွေးနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

တည်ငြိမ်အေးချမ်းသည်နှင့်အမျှ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ခြင်းမှ တစ်ဆင့်တက်ကာ ပြည်တွင်းလိုအပ်ချက် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ ကုန်ချောတင်သွင်းနေရသူ (Importer) အဖြစ်မှ ပြည်တွင်းကုန်ချောလိုအပ်ချက် ပြည့်မီအောင်ထုတ်လုပ်လျက် ပြည်ပသို့ ကုန်ချောပြန်လည်တင်ပို့သူ (Exporter) အဖြစ်သို့ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ကိုအားပေးမြှင့်တင်ဆောင်ရွက်ကာ အဆင့်မြင့်ထုတ်လုပ်မှုနည်းပညာများကို လေ့လာဆည်းပူး၍ အရည်အသွေးကောင်းမွန်သော တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်လျက် နိုင်ငံ့လူမှုစီးပွားဘဝ မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်မှုအားနည်းခဲ့သည်။ အစိုးရအနေဖြင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် အောင်မြင်မှုရရှိအောင် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်ယူချိန်မှစ၍ ပြည်ပချေးငွေများ မရရှိခဲ့သည့်အပြင် စီးပွားရေးအရပါ ပိတ်ဆို့မှုများ များစွာကြုံခဲ့သည်။ ထို့ကြောင့် ပြည်တွင်းပို့ကုန်မှရရှိသည့် ငွေကြေးများနှင့်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ရသည်။ စားသုံးဆီ၊ စက်သုံးဆီလိုအပ်ချက်အတွက် နိုင်ငံခြားငွေအများအပြားသုံးစွဲနေရသည်။ ပြည်တွင်း စက်ရုံ၊ အလုပ်ရုံများအတွက် စက်သုံးဆီလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်တွင်းရေနံချက်စက်ရုံများ စွမ်းအားပြည့် လည်ပတ်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ထုတ်ပေးထားသည်။

နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ နိုင်ငံတကာနှင့်ရင်ပေါင်တန်းလိုက်ပါနိုင်ရေးအတွက် နည်းပညာအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို မျက်ခြည်မပြတ် လေ့လာဆောင်ရွက်နေရမည်ဖြစ်သည်။ E-Market ပလက်ဖောင်းပေါ်တွင် စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများလိုက်ပါနိုင်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ထုတ်ကုန်များကို တစုတဝေးတည်း ရောင်းချနိုင်သည့်၊ ဈေးကွက်ချိတ်ဆက်ပေးနိုင်သည့် ဈေးကွက်ပလက်ဖောင်းသည် အကျိုးကျေးဇူးများ များစွာရရှိနိုင်သည်။ ပြည်ပမှ လာရောက်လည်ပတ်လေ့လာခွင့်များရရှိပြီး မြန်မာ့ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ရောက်ရှိစေနိုင်သည့် အစပြုခြေလှမ်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားကောင်းမွန်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးသဖြင့် တည်ငြိမ်အေးချမ်းမှု တိုးတက်ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်တွင် မည်သို့သောအခက်အခဲများရှိသည်ဖြစ်စေ ပြည်တွင်းအားဖြင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်လျှင် အောင်မြင်မှုများရရှိလာမည်ဖြစ်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းထုတ်ကုန်များ တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ငါးမှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၂၆/၂၀၂၂ (မန္တလေး)၊ ၇/၂၀၂၃ (ပဲခူး)၊ ၁၈/၂၀၂၃ (ရန်ကုန်)၊ ၃၇/၂၀၂၃ (ရှမ်း)နှင့် ၃၈/၂၀၂၃ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၉/၂၀၂၂ (ဧရာဝတီ)၊ ၁၇/၂၀၂၃ (တနင်္သာရီ)၊ ၁၉/၂၀၂၃ (ဧရာဝတီ)၊ ၂၃/၂၀၂၃ (ရန်ကုန်)၊ ၃၉/၂၀၂၃ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးလက်ကျန်းမာရေးဌာနရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ညောင်တုန်း ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးလက်ကျန်းမာရေးဌာနရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယမန်နေ့မွန်းလွဲပိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ဆားမလောက်ကျေးလက်ကျန်းမာရေးဌာနရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ကျန်းမာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းနှင့် လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ Orientation သင်တန်းပြုလုပ်

ပုသိမ် ဇန်နဝါရီ ၈

ဧရာဝတီ တိုင်းဒေသကြီးအတွင်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေးရည်ရွယ်၍ Orientation on Streng-thening Public Health Services Ayeyarwady Region သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန နေပြည်တော်မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက သင်တန်းသို့ တက်ရောက်လာကြသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

လူတစ်ဦးတွင် မွေးစမှသေဆုံးသည်အထိ ဘဝတစ်သက်တာ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်လိုအပ်သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဗဟိုမှ သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူ ပြည်သူ့ကျန်းမာရေးပညာရှင်များက သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၁,၂၈၅ | ၁၁,၂၀၃,၁၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၁,၁၂၄ | ၃,၁၉၈,၄၀၀ |
| MCB | ၈,၁၀၀ | ၇,၇၀၀ | ၂၃၆ | ၁,၈၁၃,၈၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၉၇၀ | ၁,၅၀၃,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂ | ၅,၀၀၀ |
| EFR | ၁,၉၅၀ | ၁,၉၅၀ | ၆၉၀ | ၁,၃၄၅,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၄ | ၁၁၂,၈၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၆,၉၁၇ | ၁၁,၇၅၉,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **ရှေ့ဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ ကျင်းပနိုင်ရန် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ်ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြစ်သည့် ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိသည့် အခမ်းအနားဖြစ်သောကြောင့် အတွေ့အကြုံများရှိကြပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီများနှင့် ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်များက အခမ်းအနား၏ အတွေ့အကြုံများကို လေ့လာပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အခက်အခဲများ မဖြစ်ပေါ်စေရန်အတွက် ယခုနှစ်တွင် ပိုမိုကောင်းမွန်ပြည့်စုံစေရေး အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယနေ့ကျင်းပသည့် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးမတိုင်ခင်ကပင် ပြည်ထောင်စုနေ့ကျင်းပရေးကော်မတီ ခုနစ်ခုနှင့် ဆပ်ကော်မတီ ရှစ်ခုက ဆောင်ရွက်သင့်သည့် ကိစ္စများကို ကြိုတင်အတည်ပြုချက်၊ ညွှန်ကြားချက်များရယူပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခုညှိနှိုင်းအစည်းအဝေးတွင် ကော်မတီအသီးသီးနှင့် ဆပ်ကော်မတီအသီးသီးက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းတင်ပြသွားကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာလပြီးဆုံးသွားသော်လည်း ကိုဗစ်-၁၉ ရောဂါပိုးများသည် အနည်းနှင့်အများ ကူးစက်နိုင်သည့်အတွက် ယခုအခမ်းအနားသို့ လာရောက်ကြမည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ငြိမ်းချမ်းရေးအတွက်**
**အဓိကထားပြီး ရည်ရွယ်ဆောင်ရွက်**

ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့် ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် အဓိကထားပြီး ရည်ရွယ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်လည်း မိမိတို့နိုင်ငံ၏ နှစ်ပေါင်း ၇၀ ကျော်ကြာ လူမျိုးစုလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးဟူသော နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သဘောတူထူထောင်ခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ကျန်းမာရေး၊ လုံခြုံရေးကို အထူးဂရုစိုက်စိစစ်ပြီး သေသေချာချာ တိတိကျကျ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ယခင်အခမ်းအနားများထက်ပို၍ တင်းတင်းကျပ်ကျပ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**❖ ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့်** MSME **လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်** One Region One Product **အဓိကထုတ်ကုန်အပါအဝင် မိမိပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အခြားသော ထုတ်ကုန်အမည်အမျိုးမျိုးကို ပါဝင်ပူးပေါင်းခင်းကျင်းပြသခြင်းဖြင့် မိမိတို့ထုတ်ကုန်များအား အချင်းချင်း ပညာရပ်ဆိုင်ရာဖလှယ်နိုင်ခြင်း၊ ပြည်သူများ အသိပညာတိုးလျက် ပြည်တွင်းဖြစ်ကို ပိုမိုဝယ်ယူအားပေးလာနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ၏ လုပ်ငန်းသဘောသဘာဝနှင့် ထပ်မံ၍ အနာဂတ်အတွက် ရည်ရွယ်ထားသော လုပ်ငန်းများအတွက် အကြံဉာဏ် အတွေးအခေါ်ကောင်းများရရှိစေခြင်း စသည့် ရည်ရွယ်ချက်များနှင့် အညီ** MSME **ပြခန်းများ ခင်းကျင်းပြသသင့်**

သက်ဆိုင်ရာကော်မတီများနှင့် ဆပ်ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အခမ်းအနားအစမ်းလေ့ကျင့်ခြင်းနှင့် အခမ်းအနား ကျင်းပသည့်အခါတွင် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုံခြုံရေးလျော့နည်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားခြင်းများ ပြုလုပ်ရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် MSME လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် One Region One Product အဓိကထုတ်ကုန်အပါအဝင် မိမိပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အခြားသော ထုတ်ကုန်အမည်အမျိုးမျိုးကို ပါဝင်ပူးပေါင်းခင်းကျင်းပြသခြင်းဖြင့် မိမိတို့ ထုတ်ကုန်များအား အချင်းချင်း ပညာရပ်ဆိုင်ရာဖလှယ်နိုင်ခြင်း၊ ပြည်သူများ အသိပညာတိုးလျက် ပြည်တွင်းဖြစ်ကို ပိုမိုဝယ်ယူအားပေးလာနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ၏ လုပ်ငန်းသဘောသဘာဝနှင့် ထပ်မံ၍ အနာဂတ်အတွက် ရည်ရွယ်ထားသော လုပ်ငန်းများအတွက် အကြံဉာဏ် အတွေးအခေါ်ကောင်းများရရှိစေခြင်း စသည့် ရည်ရွယ်ချက်များနှင့်အညီ MSME ပြခန်းများ ခင်းကျင်းပြသသင့်ပါကြောင်း၊ ပြခန်းများ လာရောက်၍ ထုတ်ကုန်ပစ္စည်းများ လေ့လာဝယ်ယူအားပေးစဉ် ပြခန်းများနှင့်တွဲလျက် ဒေသအစားအစာများ နှစ်သက်ရာစားသုံးနိုင်ရန်နှင့် ဖျော်ဖြေရေးကဏ္ဍများ တွဲလျက်ဆောင်ရွက်ပါက ပို၍ကောင်းမွန်သော အစီအမံများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါပြပွဲမှတစ်ဆင့် နိုင်ငံအတွက် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး မိမိထုတ်ကုန်ပစ္စည်းများကို ကောင်းသောယှဉ်ပြိုင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းသုံးထုတ်ကုန်ပစ္စည်းများမှ ပြည်ပတင်ပို့နိုင်သည့် အမယ်သစ်အရည်အသွေးကောင်း ထုတ်ကုန်ပစ္စည်းများ ဖြစ်ပေါ်စေပြီး MSME လုပ်ငန်းများမှာလည်း ပြည်တွင်း၌ပင် ပိုမိုတိုးတက်ဖွံ့ဖြိုးလာနိုင်မည် ဖြစ်ပါကြောင်း။

**တိတိကျကျ ဆောင်ရွက်သွားကြရမည်**

ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို တိတိကျကျ ဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း အခမ်းအနားကျင်းပနေစဉ်အတွင်း ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်လာပါကလည်း အချိန်နှင့်တစ်ပြေးညီသိရှိပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများကို စီမံချက်ရေးဆွဲ၍ ကြိုတင်ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုနေ့နှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရေဒီယို၊ သတင်းစာများ၊ ရုပ်မြင်သံကြားတို့တွင် ဆွေးနွေးပွဲ စကားဝိုင်းများနှင့် သီသင့်သီထိုက်သည်များကို ကြိုတင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယနေ့အစည်းအဝေးတွင် ကြိုတင်ခွင့်ပြုထားသည့် ကော်မတီများနှင့် ဆပ်ကော်မတီများက မိမိတို့ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်ထောင်စုနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင် အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများပစ်ဖောက်ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် အစီအမံများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

❐ **ထောပတ်သီးမှ**

တစ်ကီလိုကို ငွေကျပ် ၃၀၀၀ မှ ၄၀၀၀ ကြားသာရရှိ၍ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းကျဆင်းနေကြောင်းလည်း ပြောကြားသည်။


"ထိုင်းတစ်နိုင်ငံတည်းကိုတင်ပို့နေတဲ့အတွက် ဈေးကွက်ကျဆင်းနေတယ်။ မနှစ်က ဒီအချိန်ဆိုရင် တစ်ကီလိုကို ငွေကျပ် ၆၀၀၀ ကနေ ၈၀၀၀ ကြားရရှိနေတာ။ အခု ထောပတ်သီးရာသီမှာက တစ်ကီလိုကို ငွေကျပ် ၃၀၀၀ နဲ့ ၄၀၀၀ ကြားပဲရတယ်"ဟု ဆိုသည်။

ပြည်တွင်းဈေးကွက်၌ လက်ကားဈေးနှုန်းအနေဖြင့် ထောပတ်သီးတစ်ကီလိုလျှင် ငွေကျပ် ၄၀၀၀ မှ ၇၀၀၀ ကြားအထိရရှိပြီး ဝယ်လိုအားနည်းလျက်ရှိသည်။

ယခုထောပတ်သီးရာသီတွင် အိန္ဒိယနိုင်ငံမှ တန်ချိန် ၁၀၀၀ ဝယ်ယူရန် ကမ်းလှမ်းထားမှုများရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တင်ပို့နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

"အိန္ဒိယကို ဒီရာသီမှာက ပို့လို့မရနိုင်တော့ဘူး။ တင်ပို့ဖို့က နောက်လည်းကျသွားပြီ။ ပြီးတော့ တင်ပို့လို့မရတဲ့အကြောင်းရင်းတွေက ရာသီဥတုအခြေအနေ၊ ငွေကြေးလဲလှယ်နှုန်းကလည်း မတည်ငြိမ်တော့ တောင်သူတွေကို ဘယ်ဈေးပေးရမလဲဆိုတာ မသိဘူး။ တချို့စည်းမျဉ်းစည်းကမ်းတွေကို မကျော်ဖြတ်နိုင်တာတွေ စတဲ့ အကြောင်းအမျိုးမျိုးပေါ့"ဟု ၎င်းက ပြောကြားသည်။

**MT**



## ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၃/ ၂၀၂၄**

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

**ပြည်ထောင်စုဝန်ကြီးများခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးကိုကိုလှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁)
(၂) ဦးအောင်နိုင်ဦး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂)
(၃) ဗိုလ်ချုပ်ကြီး မိုးအောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄)

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၄/ ၂၀၂၄**

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတို့အား အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်အကြံပြုနိုင်ရန်အတွက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးထားသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် **အစား** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄)၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မလိခပန်းခြံနှင့် ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ပထမ တစ်နှစ်ပြည့် မတည်ထောက်ပံ့ငွေ အရင်းနှင့် အတိုး ပေးအပ်ပွဲသို့ တက်ရောက်

**မြစ်ကြီးနား ဇန်နဝါရီ ၈**

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့်(၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ပြည်ထောင်စုဝန်ကြီးများသည် ယနေ့ နံနက် ၁၀ နာရီတွင်တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသားရိုးရာအဖွဲ့များက အကအလှများဖြင့် နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

**တက်ရောက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လေဆိပ်သွားလမ်း ပြည်ထောင်စုလမ်းမဘေး၌ မြစ်ကြီးနားမြို့အား ပန်းမြို့တော် စီမံကိန်းအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် Welcome to Myitkyina (LED) ဆိုင်းဘုတ်နှင့် မေခပန်းဥယျာဉ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ မေခပန်းဥယျာဉ်အား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မေခဥယျာဉ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့်အတူ ဥယျာဉ်အတွင်း ပြည်သူများ အပန်းဖြေနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လမ်းအရှည် ၁၀၁၃ ပေအား အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည့် ဒူဝါဇော်ရစ်လမ်း အဆင့်မြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ မေခဥယျာဉ်အတွင်း ပြည်သူများ အပန်းဖြေနိုင်ရေးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နိုင်လွန်ကတ္တရာ လမ်းဖွင့်ပွဲသို့ တက်ရောက်၍ ကတ္တရာလမ်းသစ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းမှူးဗိုလ်ချုပ်စိုးလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ကတ္တရာလမ်းသစ်ကို ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အလားတူ အဆိုပါရပ်ကွက် စက်မှုဇုန်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ပရိယတ္တိစာသင်တိုက်သွားလမ်း အရှည်ပေ ၁၄၀၀ ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ကြကာ ကတ္တရာလမ်းသစ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး လမ်းသစ်အား ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ပထမတစ်နှစ်ပြည့် မတည်ထောက်ပံ့ငွေ အရင်းနှင့် အတိုး ပြန်လည်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

စာမျက်နှာ ၅ သို့ ✪

✪ စာမျက်နှာ ၄ မှ

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ယနေ့ လက်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးကူညီခြင်း၊ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများကို အထွက်နှုန်းကောင်းပြီး စံချိန်မီ အရည်အသွေးရှိသည့် ဈေးကွက်ဝင်ကုန်ပစ္စည်းများ ဖြစ်လာစေရေး ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အတွင်း ဒေသထွက်ကုန်သီးနှံများကို တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယနေ့ အခမ်းအနားသည် ကချင်ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း တစ်နှစ်တာကာလ ပြည့်မြောက်ပြီးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စီမံကိန်းရန်ပုံငွေ ပြန်လည်ပေးအပ်နိုင်သော အခမ်းအနား ဖြစ်သည့်အတွက် တာဝန်ကျေပွန်စွာ ပြန်လည် ပေးဆပ်ကြသည့် လုပ်ငန်းလုပ်ကိုင်သူ ပြည်သူများနှင့်ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် ပြည်နယ်အစိုးရအဖွဲ့နှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ဆောင်ချက်ကို အသိအမှတ်ပြုပါကြောင်း၊ စီမံကိန်းလုပ်ငန်းများကို အကျိုးရှိထိရောက် အောင်မြင်စေရန် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သည့်အလျောက် စီမံကိန်းလုပ်ငန်းတစ်လျှောက်လုံး စောင့်ကြည့်စစ်ဆေး အကဲဖြတ်ခြင်းကို အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွက် ရန်ပုံငွေခွဲဝေရရှိမှု၊ အတိုးရရှိမှုအခြေအနေများနှင့် စီမံကိန်း ဒုတိယနှစ် စက်ဝန်းအတွက် ဆက်လက်ထုတ်ချေးဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဌာန လေးခုမှ လုပ်ငန်းအလိုက် ထုတ်ချေး ဆောင်ရွက်ခဲ့သည့် မတည် ထောက်ပံ့အရင်းနှင့် တစ်နှစ်စာရရှိသည့် အတိုးတို့ကို ပြည်ထောင်စုအဆင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးထံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်းရှိ ဒူဝါဇော်ရစ်လမ်း အဆင့်မြှင့်နိုင်လွန်ကတ္တရာလမ်းဖွင့်ပွဲသို့ တက်ရောက်စဉ်။

ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရန်ပုံငွေများကို ရန်ပုံငွေ ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ စနစ်တကျ သုံးစွဲခြင်း ရှိ/မရှိနှင့် ရန်ပုံငွေများ သုံးစွဲမှုစာရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပါ သုံးသပ်ချက်များအပေါ် လိုက်နာဆောင်ရွက်မှု ရှိ/ မရှိကိုလည်း တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ရုံးဝင်းအတွင်း တည်ဆောက်ပြီးစီးသည့် ပြည်နယ်ကာကွယ်ဆေး သိုလှောင်အအေးခန်း (မြစ်ကြီးနား)ရှိ သုံးထပ်ဆောင် အဆောက်အအုံ(အသစ်) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

သုံးထပ်ဆောင် အဆောက်အအုံသစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက ပြည်နယ်ကာကွယ်ဆေး သိုလှောင်အအေးခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အဆောက်အအုံသစ် မော်ကွန်းကြေးပြားအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး အဆောက်အအုံသစ်အတွင်း သိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ပြည်နယ်ကာကွယ်ဆေးသိုလှောင်အအေးခန်း(မြစ်ကြီးနား) သုံးထပ်ဆောင် အဆောက်အအုံသစ် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် လိုအပ်သော ပုံမှန်ကာကွယ်ဆေးများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများနှင့် ဆက်စပ်ပစ္စည်းများကိုသက်ဆိုင်ရာ ကာကွယ်ဆေး အမျိုးအစားအလိုက် မတူညီသော သတ်မှတ်အပူချိန်အတွင်း စနစ်တကျ သိုလှောင်ထိန်းသိမ်း ထားရှိနိုင်မည်ဖြစ်ပြီး ကချင်ပြည်နယ်တစ်ဝန်းလုံးရှိ မြို့နယ်များသို့ စနစ်တကျ ဆက်လက်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းအတွက် လိုအပ်သော ကာကွယ်ဆေးများကို တစ်ပြည်နယ်လုံး လိုအပ်ချက်၏ သုံးလခွဲစာ သိုလှောင်ထားရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်း အတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ပထမ(၁)နှစ်ပြည့် မတည်ထောက်ပံ့ငွေ အရင်းနှင့် အတိုး ပြန်လည်ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

# ရန်ကုန်တွင် ကရင်ရိုးရာ ပျားဖွပ်ပြိုင်ပွဲ ပြန်လည်ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၈**

ငါးနှစ်ခန့်ကြာပြီးနောက် ကရင်ရိုးရာ ပျားဖွပ်ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ မန်းသန်းဝင်းဦးက ပြောသည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာ၌ ဇန်နဝါရီ ၁၁ ရက်တွင် ပြုလုပ်မည့် ကရင်နှစ်သစ်ကူးပွဲတော်တွင် ထည့်သွင်းထားခြင်းဖြစ်ကာ ဆုကြေးအနေဖြင့် ပထမဆု နှစ်သိန်း၊ ဒုတိယဆု တစ်သိန်းခွဲ၊ တတိယဆု တစ်သိန်းနှင့် အထူးဆု ကျပ် ငါးသောင်း ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

"ကရင်ပြည်နယ်မှာတော့ တော်တော်လေးကို ပြိုင်ပွဲတွေ လုပ်တယ်။ ဒီဘက်မှာတော့ သိပ်မလုပ်ကြဘူး။ ပြီးခဲ့တဲ့ အာလိန် ငါးဆင့် (စော်ဘွားကြီးကုန်း၊ အာလိန်ငါးဆင့်ဘုရား) မှာတော့ ပြိုင်ပွဲလုပ်ခဲ့တာ ရှိပါတယ်။ နောက်ပိုင်းတော့ အာလိန် ငါးဆင့်မှာလည်း မလုပ်ဖြစ်ဘူး။ အခုဒါကတော့ ပထမဆုံးအကြိမ် ပြန်လုပ်ဖြစ်တာပါ။ ကျွန်တော်ထင်တယ် မလုပ်ဖြစ်တာ ငါးနှစ်လောက်ရှိပြီ"ဟု မန်းသန်းဝင်းဦးက ပြောသည်။ တိုင်းရင်းသားကျေးရွာတွင် ပြုလုပ်မည့် ကရင်နှစ်သစ်ကူးပွဲတော်တွင် ပျားဖွပ်ပြိုင်ပွဲနှင့်အတူ ရိုးရာလက်ဝှေ့၊ ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေပွဲကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။

"ပြိုင်တာကတော့ ဝါးလုံးထမ်းထားတာ နှစ်ယောက်။ အဲဒီ ဝါးလုံးပေါ်တက်ပြီး ထမ်းထားတဲ့ နှစ်ယောက်ကို ပတ်ရတာ။ မြေကြီးနဲ့ ထိလို့ မရဘူး။ မြေကြီးနဲ့ ထိရင် ရှုံးတယ်။ ငါးမိနစ်မှာ အများဆုံးပတ်နိုင်တဲ့သူက ပထမပါ။ ဒုတိယ အများဆုံးကတော့ ဒုတိယပေါ့။ ကရင်ရိုးရာ ပျားဖွပ်ပွဲဆိုတာကတော့ ကရင် ဘိုးဘေးတွေက တောတောင်ထဲမှာ သွားလာနေရင်း ပျားစွဲတဲ့ သစ်ပင်ကို ခုတ်ရာပေးလိုက်ရင် ကျန်တဲ့သူတွေက ဝင်မဖွပ်တော့ဘူး။ အဲဒီလို စည်းကမ်းလေးတွေ ရှိတယ်။ ပျားအုံက အပင်အမြင့်ကြီးတွေမှာဆိုတော့ သက်လုံကောင်းဖို့လည်းလိုတယ်။ နောက် Teamwork လည်း လိုတယ်။ အဲဒါရဲ့ စည်းလုံး ညီညွတ်မှုရယ်၊ ဖွဲ့လုံ့လရယ် လိုတယ်။ (ပြိုင်ပွဲဝင်) ပတ်တဲ့သူက ဝါးလုံးကို အနိမ့်အမြင့်လည်း ကစားတာဆိုတော့ Balance လုပ်ဖို့လည်း လိုတယ်" ဟု ၎င်းက ရှင်းပြသည်။ **ထက်ဦးမောင်**

**တစ်လှေတည်းစီး**
**တစ်ခရီးတည်းသွား**
**ပြည်ထောင်စုသား**
**သွေးချင်းများ**
**တွဲထားလက်များ**
**ခိုင်စေသား**

# အာချေးရောက် ဘင်္ဂါလီအမှုကို ရှာလာပတ်တဲ့ အင်ဒိုနီးရှား

ဇာနည်ဘွား

၂၀၂၃ ခုနှစ် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလအတွင်းက ရာနဲ့ချီတဲ့ ဘင်္ဂါလီလှေစီးရွှေ့ပြောင်းသွားလာသူတွေ အင်ဒိုနီးရှားကို တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်လာမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ဒီဖြစ်ရပ်တွေဟာ တကယ်တော့ ဒေသတွင်းမှာ ထူးဆန်းတဲ့ကိစ္စမျိုး မဟုတ်ပါဘူး။ ၁၉၇၀ ပြည့်နှစ်ကျော် ကာလတွေတုန်းကလည်း ဗီယက်နမ် လှေစီးဒုက္ခသည်တို့၊ ကမ္ဘောဒီးယား လှေစီးဒုက္ခသည်တို့ ပြဿနာကိစ္စတွေ ရှိခဲ့ဖူးတာပါပဲ။ ရွှေ့ပြောင်းသွားလာသူတွေရဲ့ Boat People ဆိုတဲ့ လူကုန်ကူးလှေတွေဆိုလည်း အင်ဒိုနီးရှားမှ မဟုတ်ပါဘူး။ မလေးရှား၊ ထိုင်း၊ မြန်မာစတဲ့ ကမ်းရိုးတန်းရေပိုင်နက်အထိ ရောက်ရှိလာခဲ့လို့ သက်ဆိုင်ရာနိုင်ငံတွေက ဥပဒေနဲ့အညီ ကိုင်တွယ်ဖြေရှင်းခဲ့ကြရပါတယ်။

**ဘင်္ဂါလီ ၁၃၇ ဦး ယာယီခိုလှုံရာနေရာ**

လတ်တလောမှာ အင်ဒိုနီးရှားနိုင်ငံ အာချေးဒေသကိုဝင်ရောက်လာတဲ့ ဘင်္ဂါလီရွှေ့ပြောင်းသွားလာသူတွေရဲ့ ကိစ္စနဲ့ပတ်သက်ပြီး နိုင်ငံတကာသတင်းတွေအရ အခုလို ဘင်္ဂါလီဒုက္ခသည်တွေ အာချေးဒေသကို အလုံးအရင်းနဲ့ ဝင်ရောက်လာတဲ့အတွက် ဒေသခံအသိုက်အဝန်းကြားမှာ စိတ်ပျက်ရန်လိုမှုတွေ၊ လက်မခံလိုစိတ်တွေ တိုးပွားလာတယ်လို့ဆိုပါတယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှာတော့ အာချေးပြည်နယ် မြို့တော် ဘန်ဒါအာချေးမှာရှိတဲ့ ဘင်္ဂါလီ ၁၃၇ ဦး ယာယီခိုလှုံရာနေရာကို အာချေးဒေသခံ တက္ကသိုလ်ကျောင်းသားအချို့နဲ့ လူငယ်အချို့က ဝင်ရောက်စီးနင်းပြီး ထရပ်ကားနှစ်စီးနဲ့ အခြားတစ်နေရာကို ခေါ်ဆောင်သွားတယ်လို့ သိရပါတယ်။ ကျောင်းသားလူငယ်တွေက သူတို့ကို ပြည်နှင်ဒဏ်ပေးဖို့လည်း တောင်းဆိုခဲ့ကြပါသေးတယ်။

အဲဒီနေ့ တစ်နေ့တည်းမှာပဲ ရွှေ့ပြောင်းသွားလာသူ ဘင်္ဂါလီတွေကို အာချေးဒေသထဲ လူကုန်ကူးခေါ်ဆောင်လာတယ်လို့ ယူဆခံထားရတဲ့ အသက် (၂၂) နှစ်အရွယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးနဲ့ အသက် (၅၃) နှစ်အရွယ် ဘင်္ဂါလီတစ်ဦးတို့ကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့တယ်လို့ဆိုပါတယ်။

အင်ဒိုနီးရှားရဲအရာရှိတစ်ဦးက "ဒုက္ခသည်တွေဟာ အာချေးဒေသကို သောင်တင်လာတာမျိုး မဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ်ဒေသကနေ အင်ဒိုနီးရှားကို ရည်ရွယ်ချက်ရှိရှိ ခိုးသွင်းခဲ့တာကို အတည်ပြုနိုင်ခဲ့ကြောင်းနဲ့ ဒါဟာ ရာဇဝတ်မှုတစ်ခုဖြစ်တယ်"လို့ ဆိုပါတယ်။ သမ္မတ ဂျိုကိုဝီဒိုဒိုကလည်း "အခုလို ဒုက္ခသည်တွေ အလုံးအရင်းနဲ့ ဝင်လာတာဟာ လူကုန်ကူးမှုတွေကြောင့်ဖြစ်တယ်"လို့ သုံးသပ်ပြောကြားခဲ့ပါတယ်။

ဒါပေမဲ့ အင်ဒိုနီးရှားအောက်လွှတ်တော် ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရဲ့ လက်ထောက်ဥက္ကဋ္ဌဆိုသူ အာမတ် ဟာဖစ် တိုဟီကတော့ ဘုန်းကြီးအမှုရှာပတ်ဆိုသလို မြန်မာနိုင်ငံကို မဆီမဆိုင် အခြေအမြစ်မရှိတဲ့ စွပ်စွဲပြစ်တင်မှုတွေနဲ့ ပုတ်ခတ်ပြောဆိုခဲ့ပါတယ်။

"ကမ္ဘာ့အစည်းအဝေးတွေကို တက်ခွင့်မပေးတာ၊ လက်နက်နဲ့ စီးပွားရေးပိတ်ဆို့တာ၊ နိုင်ငံကူးလက်မှတ်နဲ့ဗီဇာတွေကို ပိတ်ပင်ရပ်ဆိုင်းတာတွေက လူမျိုးတုန်းသတ်ဖြတ်မှုကျူးလွန်သူတွေကို နိုင်ငံတကာတရားရုံး(ICJ)ကို ခေါ်ဆောင်သွားနိုင်မယ်"လို့ ထုတ်ပြန်ချက်မှာ ပြောထားသလို မြန်မာနဲ့ ရိုဟင်ဂျာအရေးအတွက် ကမ္ဘာ့နိုင်ငံတွေနဲ့ အထူးသဖြင့် အာဆီယံနိုင်ငံတွေက တိကျတဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ရမယ်လို့လည်း သူက အာဆီယံနိုင်ငံတွေအတွင်း မမှန်မကန် လှုံ့ဆော်ခဲ့ပါတယ်။

ဒီလိုမမှန်မကန် စွပ်စွဲပြစ်တင်ပြောဆိုမှုတွေက မြန်မာနိုင်ငံအတွက်တော့ အထူးအဆန်းတော့ မဟုတ်ပါဘူး။ ဘင်္ဂါလီရွှေ့ပြောင်းသွားလာသူတွေရဲ့ Boat People ဆိုတဲ့ လူကုန်ကူးလှေတွေကို သက်ဆိုင်ရာနိုင်ငံတွေရဲ့ ရေတပ်တွေက မောင်းထုတ်လို့ ရေမျောကမ်းတင်သတင်းတွေပေါ်လာရင် INGO အဖွဲ့အစည်းတွေ၊ နိုင်ငံတကာသတင်းမီဒီယာတွေနဲ့ မြန်မာနိုင်ငံအပေါ် မလိုမုန်းထားသူတွေအကြိုက်တွေ့ပြီး မြန်မာအစိုးရက၊ မြန်မာ့တပ်မတော်က နှိပ်စက်လို့ ထွက်ပြေးရတာပါဆိုပြီး ဇာတ်နာအောင်လုပ်နေကျပါပဲ။ ဘင်္ဂါလီ လူမှောင်ခိုကုန်ကူးသူတွေနဲ့ ဘင်္ဂါလီ လှေစီးရွှေ့ပြောင်းသွားလာသူတွေကိုယ်တိုင်ကလည်း မြန်မာနိုင်ငံက အတင်းအဓမ္မ မောင်းထုတ်ခံရတဲ့ ရိုဟင်ဂျာဒုက္ခသည်တွေအဖြစ် ပုံဖော်ပြောနေကျပါ။

UN အဖွဲ့အစည်းနဲ့ အနောက်နိုင်ငံတွေကလည်း တစ်ချိန်က ဗြိတိသျှတွေကိုယ်တိုင် ကိုလိုနီခေတ်မှာ စစ်တကောင်းသား(Chittagonian)လို့ ခေါ်ဝေါ်သုံးစွဲခဲ့တဲ့ စစ်တကောင်းဒေသကနေ လူဦးရေနည်းပါးပြီး မြေဆီသြဇာကောင်းမွန်တဲ့ ရခိုင်ဒေသကို လုပ်အားခချိုသာတဲ့ အလုပ်သမားတွေအဖြစ် အလုံးအရင်းနဲ့ ဝင်ရောက်လာတဲ့ ဘင်္ဂါလီတွေကို ရိုဟင်ဂျာလူမျိုးအဖြစ် ပုံဖော်သုံးနှုန်း အမြင်ထုတ်နေကြခြင်းပါ။

> **"အလားတူပဲ အင်ဒိုနီးရှားအောက်လွှတ်တော်အေဂျင်စီပုဂ္ဂိုလ်ကလည်း အခုကိစ္စမှာ ဘုန်းကြီးအမှုရှာပတ်သလို မြန်မာနိုင်ငံကို မဆီမဆိုင် အခြေအမြစ်မရှိ စွပ်စွဲပုတ်ခတ်ပြောဆိုခြင်းဟာ ကိုလိုနီခေတ်ကတည်းက ပေါ်ပေါက်ခဲ့တဲ့ သမိုင်းကြောင်းကို မသိလို့လား၊ သိလျက်သားနဲ့ ဘန်ဒါအာချေးမှာ ယာယီခိုလှုံနေတဲ့ ဘင်္ဂါလီ ၁၃၇ ဦးကို အာချေးဒေသခံ တက္ကသိုလ်ကျောင်းသားအချို့နဲ့ လူငယ်အချို့က ဝင်ရောက်စီးနင်းခဲ့တဲ့ကိစ္စအပေါ် နိုင်ငံတကာက ပြစ်တင်ဝေဖန်လာမှာစိုးလို့ မိုးကြိုးပစ်ရာထန်းလက်ကာတဲ့သဘောနဲ့ အာရုံလွှဲအောင် မြန်မာကို အပြစ်ဖို့တာလားလို့ မေးခွန်းထုတ်ရမှာဖြစ်"**

**နိုင်ငံရေးအရ လူမျိုးသစ်တစ်ခုအဖြစ် ဖန်တီးဖို့ တီထွင်လာခဲ့တဲ့ အမည်တစ်ခု**

ရိုဟင်ဂျာဆိုတဲ့အမည်ဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအရ လူမျိုးသစ်တစ်ခုအဖြစ် ဖန်တီးဖို့ တီထွင်လာခဲ့တဲ့ အမည်တစ်ခုသာဖြစ်ပါတယ်။ အမှန်တကယ်တော့ ရိုဟင်ဂျာလူမျိုးဆိုတဲ့ အမည်ဟာ ဗြိတိသျှကိုလိုနီကာလတစ်လျှောက်လုံး တရားဝင် စာရွက်စာတမ်းတွေမှာ လုံးဝမပါရှိတဲ့အမည် ဖြစ်ပါတယ်။ ဒါပေမဲ့ လွတ်လပ်ရေးရပြီးကတည်းက ဘင်္ဂါလီနိုင်ငံရေးလှုပ်ရှားသူတွေဟာ ကိုယ်ပိုင်နယ်မြေရဖို့၊ အရှေ့ပါကစ္စတန်နဲ့ပေါင်းဖို့၊ သီးခြားနိုင်ငံထူထောင်ဖို့၊ အာရကန်ဒေ့ရှ်နိုင်ငံလုပ်ဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ ကိုယ်ပိုင်လူမျိုးလက္ခဏာ၊ သီးခြားလူမျိုးနာမည်တစ်ခုအဖြစ် ရိုဟင်ဂျာအမည်ကို ဖန်တီးယူခဲ့ခြင်းဖြစ်ပါတယ်။

အရှေ့ပါကစ္စတန်နိုင်ငံသစ်အတွင်း ဘူးသီးတောင်နဲ့ မောင်တောဒေသတွေကို ထည့်သွင်းပူးပေါင်းဖို့အတွက် လက်နက်ကိုင်မူဂျာဟစ်လှုပ်ရှားမှုကို မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကတည်းက စတင်လုပ်ဆောင် ပုန်ကန်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း တစ်လျှောက်လုံးမှာလည်း တစ်ဖက်နိုင်ငံက ဘင်္ဂါလီတွေဟာ စစ်ဘေးဒဏ်၊ သဘာဝဘေးဒဏ် စတဲ့ အကြောင်းအမျိုးမျိုးကြောင့် ရခိုင်ပြည်နယ်ဒေသအတွင်းကို အများအပြား ခိုးဝင်လာကြပြန်ပါတယ်။

မြန်မာနိုင်ငံအစိုးရက ဥပဒေနဲ့အညီ ခွဲခြားစိစစ်ဖို့ကြိုးပမ်းတဲ့အခါတိုင်း အစစ်ဆေးမခံလိုသူတွေဟာ နယ်စပ်တစ်ဖက်ကို အလုံးအရင်းနဲ့ထွက်ပြေးလိုက်၊ ပြန်ဝင်လိုက်။ တစ်ခါ မြန်မာက မြန်မာနိုင်ငံမှာ နေထိုင်ခဲ့ကြောင်းအထောက်အထားနဲ့ စိစစ်လက်ခံတဲ့အခါ ပြန်ထွက်ပြေးလိုက်နဲ့ ခိုးဝင် ဘင်္ဂါလီပြဿနာဟာ မြန်မာနိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်ခဲ့တာကြာခဲ့ပါပြီ။

၂၀၁၆ ခုနှစ် ARSA အကြမ်းဖက်သမားတွေ တိုက်ခိုက်မှုနောက်ပိုင်းမှာတော့ နိုင်ငံတကာမီဒီယာတွေရဲ့ တစ်ဖက်စောင်းနင်း ရေးသားဖော်ပြမှုတွေ၊ လွဲမှားမှုတွေ၊ ချဲ့ကားမှုတွေကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှနေရပ်စွန့်ခွာသူတွေကို မြန်မာအစိုးရနဲ့ မြန်မာ့တပ်မတော်က နှိပ်စက်လို့၊ လူမျိုးတုန်းသတ်ဖြတ်လို့ ထွက်ပြေးလာရတဲ့ ရိုဟင်ဂျာတွေအဖြစ် ဇာတ်နာအောင်ဖန်တီးကာ နိုင်ငံတကာအရေးဖြစ်အောင် ICJ အထိ ဆွဲတင်လာခဲ့ပါတယ်။

တကယ်တော့ ARSA အကြမ်းဖက်သမားတွေရဲ့ အကွက်ချဖန်တီးမှုကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းက နေရပ်စွန့်ခွာသူတွေကို တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းတွေမှ ပြန်လည်စိစစ်လက်ခံဖို့ မြန်မာနိုင်ငံက အသင့်ပြင်ဆင်ထားခဲ့တာ အချိန်အတော်ကြာခဲ့ပါပြီ။ ဘာကြောင့် ပြန်လည်မဝင်ရောက်နိုင်သေးတာလဲဆိုတာကတော့ နောက်ကွယ်က ကြိုးကိုင်သူတွေ၊ အကွက်ချဖန်တီးသူတွေကိုပဲ မေးခွန်းထုတ်ရမှာဖြစ်ပါတယ်။

**ကိုလိုနီခေတ်ကတည်းက ပေါ်ပေါက်ခဲ့တဲ့ သမိုင်းကြောင်း**

အလားတူပဲ အင်ဒိုနီးရှားအောက်လွှတ်တော် အေဂျင်စီပုဂ္ဂိုလ်ကလည်း အခုကိစ္စမှာ ဘုန်းကြီးအမှုရှာပတ်သလို မြန်မာနိုင်ငံကို မဆီမဆိုင် အခြေအမြစ်မရှိ စွပ်စွဲပုတ်ခတ်ပြောဆိုခြင်းဟာ ကိုလိုနီခေတ်ကတည်းက ပေါ်ပေါက်ခဲ့တဲ့သမိုင်းကြောင်းကို မသိလို့လား၊ သိလျက်သားနဲ့ ဘန်ဒါအာချေးမှာ ယာယီခိုလှုံနေတဲ့ ဘင်္ဂါလီ ၁၃၇ ဦးကို အာချေးဒေသခံတက္ကသိုလ်ကျောင်းသားအချို့နဲ့ လူငယ်အချို့က ဝင်ရောက်စီးနင်းခဲ့တဲ့ကိစ္စအပေါ် နိုင်ငံတကာက ပြစ်တင်ဝေဖန်လာမှာစိုးလို့ မိုးကြိုးပစ်ရာထန်းလက်ကာတဲ့ သဘောနဲ့ အာရုံလွှဲအောင် မြန်မာကို အပြစ်ဖို့တာလားလို့ မေးခွန်းထုတ်ရမှာဖြစ်ပါတယ်။

တကယ်တော့ မြန်မာနဲ့ အင်ဒိုနီးရှားနှစ်နိုင်ငံဟာ မိတ်ဝတ်မပျက် အစဉ်အလာကြီးစွာ ချစ်ကြည်ရင်းနှီးခဲ့တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ကိုလိုနီနယ်ချဲ့လက်အောက်က လွတ်မြောက်ရေးကြိုးပမ်းမှုကာလကတည်းက အတူလက်တွဲခဲ့ကြတာပါ။ ပြောရမယ်ဆိုရင် အင်ဒိုနီးရှားဟာ မြန်မာနိုင်ငံနောက်မှ လွတ်လပ်ရေးရခဲ့တာပါ။ ဒတ်ချ်နယ်ချဲ့တွေကို တော်လှန်စဉ်ကာလမှာ မြန်မာနိုင်ငံက အင်ဒိုနီးရှားကို စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာဝတ္ထုအကူအညီတွေပါ ပေးအပ်ခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံကို တည်ထောင်ခဲ့တဲ့ သမ္မတကြီး ဆူကာနို အသိဆုံးပါ။ ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်တွေကြားမှာလည်း ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို အခွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းခဲ့ကြပါတယ်။

**ကိန်းဂဏန်းအရ ငါးသိန်းမှ တစ်သန်းအကြား**

ကိုလိုနီနယ်ချဲ့လက်အောက်က လွတ်မြောက်စနိုင်ငံတွေနည်းတူ အင်ဒိုနီးရှားဟာလည်း အတော့်ကို ရုန်းကန်ခဲ့ရပါတယ်။ ခွဲထွက်ရေးလှုပ်ရှားမှုတွေ၊ ကွန်မြူနစ်လှုပ်ရှားမှုတွေစတဲ့ နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်မှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ အတိတ်ကာလမှာ အင်ဒိုနီးရှားတပ်ဖွဲ့နဲ့ အင်ဒိုနီးရှားကွန်မြူနစ်ပါတီတို့ အားပြိုင်ရာကနေ ကွန်မြူနစ်တွေ၊ တရုတ်လူမျိုးတွေ၊ လက်ဝဲဝါဒီလို့စွပ်စွဲခံရသူ အများအပြား သတ်ဖြတ်ဖယ်ရှားခံရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ အများစုလက်ခံထားတဲ့ ကိန်းဂဏန်းအရ ငါးသိန်းမှ တစ်သန်းအကြား သတ်ဖြတ်ခံခဲ့ရတယ်လို့ဆိုပါတယ်။

ဒါပေမဲ့ မြန်မာနိုင်ငံဟာ မိတ်ဆွေကောင်းပီပီ သူတစ်ပါးရဲ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဆိုတဲ့ မြန်မာနိုင်ငံက လိုက်နာကျင့်သုံးတဲ့ မူဝါဒနဲ့အညီ အင်ဒိုနီးရှားနိုင်ငံရဲ့ ပြည်တွင်းရေးကို ဘယ်သောအခါမှ ဝင်ရောက်စွက်ဖက်ပြောဆိုခြင်း မပြုခဲ့ပါဘူး။

လတ်တလော လူမှောင်ခိုကုန်ကူးသူတွေ ပို့ဆောင်မှုအရ ဘင်္ဂါလီလှေစီးရွှေ့ပြောင်းသွားလာသူတွေ အင်ဒိုနီးရှားကို ရောက်ရှိလာတဲ့အရေးကိစ္စနဲ့ ပတ်သက်ပြီး အင်ဒိုနီးရှား အောက်လွှတ်တော် အေဂျင်စီက လက်ထောက်ဥက္ကဋ္ဌဆိုသူရဲ့ မြန်မာနိုင်ငံအပေါ် မဆီမဆိုင် အခြေအမြစ်မဲ့ စွပ်စွဲပုတ်ခတ်ပြောဆိုမှုကတော့ အဆင်အခြင်ကင်းမဲ့တဲ့ ပြောဆိုမှုတစ်ရပ်ဖြစ်တဲ့အပြင် သမိုင်းတစ်လျှောက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုလည်း အစွန်းအထင်းဖြစ်စေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ အင်ဒိုနီးရှားအောက်လွှတ်တော် အေဂျင်စီတစ်ခုက လက်ထောက်ဥက္ကဋ္ဌဆိုသူ အာမတ် ဟာဖစ် တိုဟီကို ပြောချင်တာကတော့ "မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ"ဆိုတဲ့ ဓမ္မပဒလာအတိုင်း မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့တဲ့စိတ်နဲ့ မပြစ်မှားပါနဲ့လို့ပဲ ဆိုပါရစေ။ ။

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ကာလတိုငါးနှစ် လုပ်ငန်းစီမံချက် သုံးကြိမ်ဖြင့် ကာလရှည် ၁၅ နှစ် လုပ်ငန်းစီမံချက် သတ်မှတ်ဆောင်ရွက်သွားရန် လျာထား

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက် အမှာစကား ပြောကြားသည်။



**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌအလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားအဆင့် လုပ်ငန်းကော်မတီရှစ်ခု၏ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူး အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၂၃)ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၃၆ ဦးဖြင့် နောက်ဆုံးအကြိမ် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို လုပ်ငန်းကော်မတီ အသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ချက် ၁၇ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဆုံးဖြတ်ချက်များအနက် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက် ခြောက်ချက်မှအပ ကျန်အချက်များ ဆောင်ရွက်ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။

ကလေး အလုပ်သမား ပပျောက်ရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြန်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆိုင်ရာ အခြေခံဗဟုသုတများ ပြန့်ပွားစေရေးအတွက် အသိပညာနှင့် ဗဟုသုတတိုးမြှင့်စေခြင်း၊ နိုင်ငံတကာ စံချိန်၊ စံညွှန်းများနှင့်အညီ ဥပဒေပြင်ဆင်ရေးဆွဲခြင်း၊ ကလေးအလုပ်သမား ပြဿနာအပေါ် ဖြေရှင်းနိုင်ရန် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း ချမှတ်၍ တိုးတက်မှုကို အကဲဖြတ်ခြင်းဖြင့် ရေရှည်တွင် ကလေးအလုပ်သမားလျော့နည်းပပျောက်စေရန် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ကာလတို ငါးနှစ် လုပ်ငန်းစီမံချက် သုံးကြိမ်ဖြင့် ကာလရှည် ၁၅ နှစ် လုပ်ငန်းစီမံချက် သတ်မှတ်ဆောင်ရွက်သွားရန် လျာထားပြီး ပထမကာလတို ငါးနှစ် လုပ်ငန်းစီမံချက်အား ခိုင်မာတိကျသော အခြေခံ အချက်အလက်များ ကောက်ယူခြင်း၊ အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ အခွင့်အလမ်းများ ဖန်တီးခြင်း၊ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများအား ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း၊ မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရှိစေခြင်းစသည့် ရည်မှန်းချက် (၆)ရပ်ဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ စတင်ဆောင်ရွက်သွားရန် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို မူအားဖြင့် အတည်ပြုခဲ့ကြောင်း။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ပထမကာလတို ငါးနှစ်စီမံချက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုအနက် ကနဦး စီမံချက်နယ်မြေများဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဦးစားပေးနယ်ပယ် နှစ်ခုဖြစ်သော စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကဏ္ဍတို့ရှိ ကလေးအလုပ်သမားများ လျော့နည်းပပျောက်စေရန် ပထမကာလတို ငါးနှစ် လုပ်ငန်းစီမံချက်(၂၀၁၉-၂၀၂၃) ခုနှစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

**အလေးထားဆောင်ရွက်လျက်ရှိ**

အာဆီယံတွင်လည်း ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများအားလုံးကို ဆန့်ကျင်ခြင်း၊ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုင်ရာ မူဝါဒများကို အရေးကြီးဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် “no child left behind” မည်သည့်ကလေးမျှ နောက်ချန်မထားရေး လုပ်ငန်းစဉ် အောင်မြင်စေရန်အတွက် လူမှုအဖွဲ့အစည်းများက အလေးထားဆောင်ရွက်လျက်ရှိနေသည်ကိုလည်း လေ့လာသိရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေး လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာဗဟုသုတများကို ကလေးအလုပ်သမား ကိုယ်တိုင်မှစ၍ မိဘများထံ ထိရောက်စွာ ရောက်ရှိနိုင်ရေး အသိပညာ မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပြီး ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ဖြစ်သော နှစ်စဉ် ဇွန် ၁၂ ရက်ကျရောက်တိုင်း အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပပြုလုပ်ခြင်း၊ ပိုစတာများစိုက်ထူခြင်း၊ မီဒီယာများတွင်ဖော်ပြခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းစသည့် အများပြည်သူထံ ကလေးအလုပ်သမားဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန် အသိအမြင်များ တိုက်ရိုက်ရောက်ရှိနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကလေးသူငယ်များ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသာ နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်သက်ဆိုင်နေခြင်းကြောင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်စီမံကိန်း ချမှတ်ဆောင်ရွက်သွားရမည့်အပြင် လုပ်ငန်းစီမံချက် ကာလတို ငါးနှစ်တာ ပြီးဆုံးမည့် ၂၀၂၃ ခုနှစ် နောက်ပိုင်းတွင်လည်း အလားတူစီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမျိုးသားကော်မတီ အဖွဲ့ဝင်များအနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမျိုးသားကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပဉ္စမအကြိမ် အမျိုးသား ကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် လုပ်ငန်းကော်မတီ ရှစ်ခု၏ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆဋ္ဌမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရမ်းမြို့၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**ခရမ်း ဇန်နဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ အထက (၂) မြို့မကျောင်းတွင် ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း မြို့မဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက ( ၂ )မြို့မကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေမိုးက အဖွင့်အမှာစကားနှင့် အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့မဂုဏ်ဆောင် ထပ်ဆင့် လူရည်ချွန်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီး/ခရိုင် ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ လူရည်ချွန်ပြိုင်ပွဲ၊ စွမ်းရည်ပြိုင်ပွဲ၊ စာစီကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား အထက ( ၂ ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေမိုးနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက ဂုဏ်ပြုဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

**စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂျူဒိုအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ “၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ” ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘန်ရှော့ ခွန်စံလွင်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်/မယ်များသည် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အောင်မြင်မှုရရှိရေးအတွက် မိမိတို့၏အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး ကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယှဉ်ပြိုင်ခြင်းသည် အဓိကဖြစ်သလို အနိုင်ရခြင်းသည်လည်း ပဓာနကျသည်ဆိုသော ခံယူချက်နှင့် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း၏ဂုဏ်ကို မြှင့်တင်နိုင်ရန် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားသမားကောင်းစိတ်ဓာတ် အပြည့်အဝဖြင့် သတ်မှတ်ထားသော ပြိုင်ပွဲစည်းမျဉ်း/ စည်းကမ်းများကို လေးစားလိုက်နာပြီး နိုင်ငံတော်ကအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားပြီး “၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ” ကို ဖွင့်လှစ်ပေးသည်။



ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး (၄၅) ကီလိုတန်းအောက် တစ်ဦးချင်း အမျိုးသား/အမျိုးသမီး ပထမနေ့ဂျူဒိုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ “၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ” ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၂၈ သင်းမှ အသင်းအုပ်ချုပ်သူ/နည်းပြ၊ အားကစားသမားအင်အား စုစုပေါင်း ၂၆၆ ဦးဖြင့် ပြိုင်ပွဲကာလ ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပသွားမည်ဖြစ်ရာ ဂျူဒိုအားကစားနည်းကို စိတ်ပါဝင်စားသည့်မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် ပုသိမ်မြို့ရှိ ၂၃၀ကေဗွီ ပုသိမ်ပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဧရာဝတီ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုံးမြင့်နှင့်အတူ ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ၂၃၀ကေဗွီ ပုသိမ်ပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ရုံးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ၂၃၀ ကေဗွီ ပုသိမ်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ ဓာတ်အားခွဲရုံ၏ (Switch Yard) အတွင်း ၂၃၀ ကေဗွီ၊ ၅၀ အမ်ဗွီအေ ထရန်စဖော်မာအတွက် Switch Bay အသစ်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဓာတ်အားလွှတ် ပစ္စည်းများ၏ အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ထရန်စဖော်မာဝန်အားကို အမြဲစိစစ်၍ မှတ်တမ်းထားရှိရန်၊ ဓာတ်အားလွှတ် ပစ္စည်းများအား ပုံမှန်စစ်ဆေး၍ လိုအပ်ပါက ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် မှာကြားပြီး ဝန်ထမ်းများကို ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးတို့က ဝန်ထမ်းများအနေဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဓာတ်အားခငွေများ အလွဲသုံးစားမှုမဖြစ်ပေါ်စေရေးနှင့် အပြည့်အဝကောက်ခံရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်က အထူးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဘတ်ဂျက်ပါလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးမြို့၌ သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပဲခူး ဇန်နဝါရီ ၈**

ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၈ရက် နံနက် ၉ နာရီက ပဲခူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ စုဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးမြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်အေးသက်မော်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးလှိုင်ဘွားက ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် အသိပညာပေးလုပ်ငန်းများအား လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**



# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**သထုံ ဇန်နဝါရီ ၈**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၌ စွမ်းရည်ပြည့်ဝစေရေးအတွက် လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ၁/၂၀၂၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက သထုံခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဗိုလ်မှူးဆန်းဝင်းအောင်က သင်တန်းပြုလုပ်ပေးရသည့်ရည်ရွယ်ချက်နှင့် စွမ်းရည်ပြည့်ဝစွာဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရှင်းလင်းအမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၃) ဦးတင်အောင်ဖြိုးက သင်တန်းသားအရန်မီးသတ်တပ်ဖွဲ့ဝင်များထံ တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါသင်တန်းကို တစ်လကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်း ဦးဆောင်သည့် နည်းပြများက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးဆိုင်ရာ ဘာသာရပ်များကို သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာတို့မှ သင်တန်းသား အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့အား စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အခမ်းအနားမှူးသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အခမ်းအနားမှူး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/ အမှုထမ်းများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



**ပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနမှ အရာထမ်း/ အမှုထမ်းများအနေဖြင့် ဘာသာရေး ဆိုင်ရာ အခမ်းအနားများနှင့်ပတ်သက်၍ ကျွမ်းကျင်စွာ စီစဉ်ဆောင်ရွက်လုပ်ကိုင်တတ်ရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း၊ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ကောင်းမွန်စွာ သိရှိနားလည်ထားရန်လိုအပ်ပြီး ကြိုတင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း စီစဉ်ဆောင်ရွက်တတ်ရန်လိုအပ်ပါကြောင်း၊ အခမ်းအနားမှူးသည် အခမ်းအနားတစ်ခုလုံးကို စီစဉ်ညွှန်ကြားဆောင်ရွက်ရသူဖြစ်သည့်အတွက် မိမိစီစဉ်ဆောင်ရွက်ရမည့်အခမ်းအနားနှင့် ပတ်သက်ပြီး အခြေအနေအရပ်ရပ်ကို သိရှိနားလည်အောင် ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်ကြမည့် သင်တန်းသား အရာထမ်း/ အမှုထမ်းများအနေဖြင့် သာသနာတော်ဆိုင်ရာ အခမ်းအနားများကို သာသနာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပနိုင်ရေးအတွက် ဘာသာရေး စာပေကျမ်းဂန်များ နှံ့စပ်မှုရှိအောင် လေ့လာကြိုးစား အားထုတ်သွားကြပါရန် တိုက်တွန်းပြောကြားသည်။

အခမ်းအနားမှူးသင်တန်းကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး (သာသနာရေး) မှ သင်တန်းသား သုံးဦး၊ သာသနာရေးဦးစီးဌာနမှ သင်တန်းသား ၁၃ ဦးနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သင်တန်းသား ၁၀ ဦး စုစုပေါင်း သင်တန်းသား ၂၆ ဦး တို့ကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မြစ်ကြီးနားမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သမဝါယမစနစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈) ခေတ်မီစံပြကျေးရွာသို့ ရောက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမအသင်းသား တောင်သူများ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရေး၊ ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ခေတ်မီစံပြကျေးရွာများ တည်ထောင်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသူကျေးရွာသားများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း မှာကြားကာ ကျေးရွာသူ ကျေးရွာသားများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော နန်ပေါင်ရှောင်ကွင်းလမ်းနှင့် မော်ဖောင်းကျေးရွာနယ်မြေ(၈)တို့ကို ဆက်သွယ်သော လမ်းအရှည် ပေ ၃၂၈၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့နယ် ပမ္မတီးရပ်ကွက်ရှိ ငါးအိုးစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေး သမဝါယမအသင်းသို့ ရောက်ရှိပြီး ပဲပုပ်စိုက်အသင်းသား တောင်သူများနှင့်တွေ့ဆုံ၍ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေသြဇာများ ရောနှောအသုံး ပြုရေး မှာကြားကာ အသင်းသားတောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် အသင်းသားတောင်သူ ဦးချစ်ဆွေ၏ လယ်မြေ ၄၇ ဧက၌ ပဲပုပ်များ စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်မီးမရှိသော နေရာများတွင် အသုံးပြုနိုင်မည့်ပစ္စည်းများကို ဖန်တီး အောင်မြင်မှ အလုံးစုံချပြမည်ဟု ကိုဇော်မျိုးဦး ဆို

**ရန်ကုန် ဇန်နဝါရီ ၈**

ကိုယ်ပိုင်ဒီဇိုင်း ဆိုင်ကယ်များနှင့် အပေါ့စားကားငယ်များကို ဖန်တီးပြီး နာမည်ရခဲ့သူ မိတ္ထီလာမြို့မှ ကိုဇော်မျိုးဦးက လျှပ်စစ်မီးမရှိသော နေရာများတွင် အသုံးပြုနိုင်မည့် ကိရိယာကို ဖန်တီးနေပြီး အောင်မြင်မှ အလုံးစုံချပြမည်ဖြစ်ကြောင်း ပြောသည်။



ကိုဇော်မျိုးဦး ဖန်တီးသော ပစ္စည်းများသည် အွန်လိုင်း စာမျက်နှာများထက်တွင် လူစိတ်ဝင်စားခံခဲ့ရသည့် ပစ္စည်းများဖြစ်ခဲ့ပြီး ယခုတစ်ကြိမ်တွင် ၎င်းပုံမှန်ဖန်တီးနေကျ ယာဉ်များနှင့် ကွဲထွက်ကာ ပြည့်မြဲစွမ်းအင်ပုံစံ လုပ်ဆောင်သည့် ကိရိယာဖြင့် လျှပ်စစ်ဓာတ်အား ထုတ်နိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

"လောလောဆယ် ကျွန်တော် စမ်းသပ်နေတာတွေတော့ရှိတယ်။ နိုင်ငံအတွက် လျှပ်စစ်မီး အထောက်အကူရအောင် (Free Energy)ပေါ့နော်။ ကျွန်တော် စမ်းသပ်နေပါတယ်။ မီးမရှိတဲ့ နေရာတွေအတွက် ကျွန်တော် စမ်းကြည့်နေတယ်။ ဒီဟာက တော်တော်လိုအပ်မယ်။ ကျွန်တော် ကျေးရွာ တော်တော်များများ ရောက်ဖူးတယ်။ မီးဘယ်လိုမှ သွယ်လို့မရတဲ့ နေရာတွေရှိတယ်။ အဲဒီဒေသတွေမှာ အသုံးဝင်ပါတယ်။ Free ဆိုတော့ အိမ်သုံးလည်းရမယ်။ ကြီးရင်ကြီးသလို ပေါ့။ အောင်မြင်သွားရင်တော့ ဘက်ထရီလည်း မလိုတော့ဘူး။ ဆိုလာလည်း မလိုတော့ဘူးပေါ့။ ကျွန်တော် အသေးလေးက အရင် စလုပ်နေတာ။ အောင်မြင်သွားပြီးမှ ကျွန်တော်ချပြလို့ ရမှာပါ" ဟု ကိုဇော်မျိုးဦးက ဆိုသည်။

စက်မှု၊ လက်မှု လုပ်ငန်းရှင်တစ်ဦးလည်း ဖြစ်သည့် ကိုဇော်မျိုးဦးသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မသန်စွမ်းသူများအတွက် သုံးဘီးဆိုင်ကယ်ကို ဖန်တီးပြီး ဈေးကွက်အတွင်း ရောင်းချခဲ့ရာ အစီးရေ ၅၃ စီးအထိ ရောင်းချခဲ့ ရကြောင်း သိရသည်။

"ကျွန်တော် ဖန်တီးထားတာတွေကတော့အများကြီးပဲ၊ 250 အင်ဂျင် (သုံးဘီးအင်ဂျင်) နဲ့၂၀၁၃ မှာ ကားအပြာလေး၊ ၂၀၁၅ ကြားမှာ (အဲဒီလိုကားအမျိုးအစား) အဝါနဲ့ အဖြူရောင်လေး လုပ်တယ်။ ၂၀၁၈ မှာ (မော်တော်ကား) လိမ္မော်ရောင် လေးလုပ်တယ်။ ပြီးတော့ မသန်စွမ်းဘက်က ကျွန်တော့်ကို လှမ်းမေးပြီး မသန်စွမ်းတွေအတွက် လုပ်ပေးပါဆိုတော့ အဲဒါနဲ့ သုံးဘီးလေး လုပ်တာ။ ဘက်ဂီယာပါရမယ် လူစီးလည်း ဖြစ်ရမယ်ပေါ့။ လုပ်ရင်းလုပ်ရင်းနဲ့ ၅၃ စီး တိတိကျကျရှိတယ်။ အနယ်နယ် အရပ်ရပ်ကို ကျွန်တော်အများကြီးပို့ထားတယ်" ဟု ကိုဇော်မျိုးဦးက ပြောသည်။ **သစ်တော်**

# ပြည်မြို့ပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ဒုတိယအကြိမ်ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့်အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ဒုတိယအကြိမ်အဖြစ် သွားရောက်၍ ပြည်သူ့ဆေးရုံကြီး ပြည်မြို့မှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါခရီးစဉ်အတွင်း အထွေထွေရောဂါဆေးပညာဆိုင်ရာလူနာ ၁၁၇ ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလူနာ ၃၈ ဦး၊ ဆီးချိုနှင့်ဟော်မုန်းရောဂါဆိုင်ရာလူနာ ၇၅ ဦး၊ မျက်စိရောဂါဆိုင်ရာလူနာ ၁၁၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာလူနာ ၆၄ ဦး၊ နှလုံးဆေးကုသမှုဆိုင်ရာလူနာ ၆၀၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာလူနာ ၁၆ ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာလူနာ ၂၆ ဦး၊ ဦးနှောက်နှင့်အာရုံကြော ဆေးကုသမှုဆိုင်ရာလူနာ ၆၉ ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာနှစ်ဦး၊ ကင်ဆာရောဂါဆိုင်ရာလူနာ ၁၄ ဦး၊ အသည်းဆေးကုသမှုဆိုင်ရာလူနာ ၁၀ ဦး၊ အရိုးရောဂါလူနာ ၁၅၈ ဦး၊ အထွေထွေခွဲစိတ်ကုသဆိုင်ရာလူနာ ၅၀၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ စိတ်ကျန်းမာရေးနှင့် သွားနှင့်ခံတွင်းအပါအဝင် အခြားလူနာ ၃၅ဦး စုစုပေါင်းဒေသခံပြည်သူ ၈၅၀ ကို ကြည့်ရှုကုသမှု ပေးနိုင်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် ပြည်မြို့သာမက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရွှေတောင်၊ ပေါက်ခေါင်း၊ သဲကုန်း၊ နတ္တလင်း၊ ပေါင်းတည်၊ ဇီးကုန်း၊ ပန်းတောင်းမြို့များမှလည်းကောင်း၊ မကွေးတိုင်းဒေသကြီးရှိ အောင်လံမြို့တို့မှလည်းကောင်း မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများပါဝင်ပြီး ရောဂါရှာဖွေစမ်းသပ်မှုများအနေဖြင့် နှလုံးပုံရိပ်ဖော်စက်ဖြင့်ကြည့်ရှုခြင်း (Echo-cardiography) ၅၀၊ အစာအိမ်နှင့်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း (OGDS) ခုနစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့်စစ်ဆေးခြင်း (CT scan) လေးဦး၊ ဓာတ်မှန်ဖြင့်ရောဂါရှာဖွေခြင်း ၁၀၄ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၃၈၀၊ Ultrasound ရိုက်ကူးခြင်း ၅၄ ဦးနှင့် နှလုံးစက်ဖြင့်စစ်ဆေးခြင်း (ECG) ၁၇၇ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့သည်။ ထို့ပြင် ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာတစ်ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အထူးကုဆေးကုသရေးအဖွဲ့က ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ဆေးကု) ပါမောက္ခ ဒေါက်တာသူဇာသင်းသည် ဆီးနှင့်ကျောက်ကပ်ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းအား လာရောက်ပြသသူ လူနာများအတွက် ဆောင်ရွက်ခဲ့ပြီး တွဲဖက်ပါမောက္ခ(ဆီးချိုနှင့်ဟော်မုန်း) ဒေါက်တာမောင်မောင်သန့်သည် သူနာပြုများနှင့် သူနာပြုသင်တန်းသား သင်တန်းသူများအား ဆီးချိုရောဂါကုသမှုဆိုင်ရာ သင်ခန်းစာများ သင်ကြားပေးခဲ့ကာ လာရောက်ပြသသောလူနာများအား နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချို ရောဂါဆိုင်ရာ အသိပညာပေးစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် လာရောက်ပြသကုသမှုခံယူကြသော လူနာများကို ကြည့်ရှုအားပေးပြီး ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြား၍ နေ့လယ်စာအတူသုံးဆောင်ကာ ဒေသထွက်လက်ဆောင်များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ လာရောက်ပြသသောလူနာများကို ပြည်ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက နေ့လယ်စာအာဟာရဒါန ထမင်းဘူးများ ဝေငှပေးခဲ့သည်။

ရန်ကုန်/ မန္တလေး/ နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ (Super speciality) ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းကုသရေးခရီးစဉ်များကို ၂၀၂၃ ခုနှစ်အတွင်း (၁၅)ကြိမ်ဆောင်ရွက်ထားရှိပြီး ၂၀၂၄ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိ

**ထားဝယ် ဇန်နဝါရီ ၈**

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ကုသရေးဦးစီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် မျက်စိအထူးကုဆေးရုံကြီး ရန်ကုန်မြို့မှ မျက်စိအထူးကုဆေးအဖွဲ့နှင့် ထားဝယ်ဆေးရုံကြီးမှ မျက်စိဆရာဝန်ကြီးများ ပူးပေါင်း၍ ထားဝယ်ခရိုင်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား ဇန်နဝါရီ ၁ ရက်မှ ၁၀ ရက်အထိ အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ရဟန်း၊ ရှင်လူ ပြည်သူ မျက်စိရောဂါဝေဒနာရှင်များအား ရေတိမ်စမ်းသပ်စက်၊ ပါဝါစမ်းသပ်စက်၊ မျက်စိရောဂါစမ်းသပ်စက်တို့ဖြင့် မျက်စိအထူးကုဆေးအဖွဲ့၊ မျက်စိဆရာဝန်ကြီးများက အမြင်စမ်းသပ်ခြင်း၊ မျက်တွင်းမှန်တိုင်းခြင်းနှင့် ရေချိန်တိုင်းခြင်း စသည့်စမ်းသပ်စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၁ ရက်မှ ၈ ရက်အထိ မျက်စိရောဂါဝေဒနာရှင် စုစုပေါင်း ၄၄၁ ဦး၊ ခွဲစိတ် လူနာ ၇၅ ဦး၊ လေဆာဖြင့်ကုသသူ သုံးဦးကို မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး Intra Ocular lens (IOL) မျက်စိအတွင်းထည့် မှန်ဘီလူး ၇၅ ခု အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ်များဖြင့် စွမ်းအင်ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၈**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ်များ (Mobile Medical Units) ဖြင့် ဇန်နဝါရီ ၁ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များသို့လည်းကောင်း၊ ဇန်နဝါရီ ၂ ရက်မှစတင်၍ နေပြည်တော်ကောင်စီရှိ ဝန်ကြီးဌာနများသို့လည်းကောင်း ရွေ့လျားဆေးကုသယာဉ် (Mobile Medical Units) သုံးစီးဖြင့် လူမှုဖူလုံရေးအကျုံးဝင်အလုပ်သမားများအား အလုပ်ဌာနများအရောက် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် အကျုံးဝင်အာမခံအလုပ်သမား ၁ ဒသမ ၂ သန်းကျော်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ စာချုပ်ဆေးခန်း ၅၄ ခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု (Specialist OG OPD) ဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၂၃ ခန်း၊ မီးဖွားဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ/ သားဖွားခန်း ၁၂ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ်ဖြင့် ယနေ့တွင် နေပြည်တော်ကောင်စီရှိ စွမ်းအင်ဝန်ကြီးဌာနသို့ သွားရောက်ပြီး ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ ဝန်ထမ်း ၇၅၀ ကို လိုအပ်သောဆေးဝါးကုသမှုများ၊ ၃၀၀ ကို ဓာတ်ခွဲစစ်ဆေးမှုများ၊ ၈၀ ကိုနှလုံးအတွက် ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။

နေပြည်တော်ကောင်စီရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့ရှိ ဝန်ထမ်းများကို ဇန်နဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၄၃၆၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၈ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၈-၁-၂၀၂၄)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၁-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၃၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ။**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု

ပဲခူး ဇန်နဝါရီ ၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် အောက်စုပိုင်းရပ်ကွက်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဦးမင်းနိုင်၏ နွေစပါး တစ်နှစ် နှစ်သီး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သနပ်ပင်မြို့နယ် ဖရဲစံပြကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဦးစိန်လင်း၏ အသားတိုးကြက်ကောင်ရေ တစ်သိန်း မွေးမြူထားရှိမှု၊ ဈေးပိုင်းရပ်ကွက်ရှိ ဦးလင်းသူအောင်၏ ဘက်စုံမွေးမြူရေးခြံနှင့် ကမာစစ်စံပြကျေးရွာရှိ ဦးဝင်းထိုက်အောင်၏ ကာကီကင်းမျိုး ဥစားဘဲကောင်ရေ တစ်သိန်း မွေးမြူထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသတွင်း အသားစားသုံးမှု၊ ဥစားသုံးမှုနှင့် နို့စားသုံးမှု ဖူလုံစေရေး နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ယူနစ်အလိုက် ချေးငွေများပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့်အပေါ် မြေပြင်တွင် အမှန်တကယ် မွေးမြူခြင်း ရှိ/မရှိ စစ်ဆေးရန်၊ မျိုးကောင်းမျိုးသန့်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး အသိပညာပေးရန်၊ ဘေးကင်းလုံခြုံသည့် အစားအစာများဖြစ်စေရေး သတ်မှတ်နည်းလမ်းများအတိုင်း မွေးမြူသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် သနပ်ပင်မြို့နယ် ရေကျော်ကျေးရွာ၌ ဦးစံထွန်းအောင်၏ ဇီဝဖိုးငှက်မွေးမြူရေးခြံသို့ ရောက်ရှိခဲ့ပြီး ငှက်သိုက်အား ပဲခူးတိုင်းဒေသထွက်ကုန်တစ်ခုအဖြစ် ကြိုးစားဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ၎င်းနောက် စိန်သုံးလုံး အဆင့်မြှင့်ဆန်စက်သို့ ရောက်ရှိခဲ့ပြီး ပြည်ပပို့ကုန်ဆန်များ တိုးတက်ပေးပို့နိုင်ရေး ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူများ အကျိုးတူကန်ထရိုက်လယ်ယာစနစ်များ ဖော်ထုတ်ဆောင်ရွက်ရန်နှင့် ဆန်စက်အတွက် Gasifier တပ်ဆင်သုံးစွဲနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သနပ်ပင်မြို့တွင်း တံတားတည်ဆောက်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ၎င်းနောက် သနပ်ပင်မြို့နယ် ဖရဲကျေးရွာ ပဏ္ဍိတာရုံဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သင်ကြားနေသည့် ဗေဒါပင်မှ လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုသင်တန်းအား သွားရောက်ကြည့်ရှုခဲ့ပြီး သင်တန်းသူများ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးအား ပဲခူးမြို့ သီရိဥသာဈေးရုံကြီး၌ ဖွင့်လှစ်ထားသည့် တိုင်းဒေသကြီးဒေသထွက်ကုန် အရောင်းစင်တာတွင် ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး သင်တန်းအတွက် ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ငွေဆောင်ကမ်းခြေဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၈

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့ညနေပိုင်းတွင် ငွေဆောင်ကမ်းခြေဒေသ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ သွားလာလည်ပတ်လေ့ရှိသည့် မြွေကျွန်းသို့သွားရောက်ကာ ခရီးသွားဧည့်သည်များ အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငွေဆောင်ကမ်းခြေရှိ Aureum Palace Hotel၊ Sunny Paradise Hotel နှင့် Ngwe Saung Square ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဟိုတယ်များအနေဖြင့် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် (Hotels Guest List Management System–HGLMS)ကို စနစ်တကျအသုံးပြုကြရန်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ် (Health and Safety Protocols – HSP) ကို ဒေသအဆင့်ရရှိထားသော ဟိုတယ်များက အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်ရရှိအောင် ဆက်လက်ဆောင်ရွက်သွားကြရန်၊ အမှတ်တရပစ္စည်းများရောင်းချရာတွင် ဒေသထုတ်ကုန်များ ပိုမိုထည့်သွင်းရောင်းချနိုင်ရေး စီမံဆောင်ရွက်သွားကြရန်နှင့် ငွေဆောင်ကမ်းခြေဒေသတွင် ဆောင်ရွက်ထားသော Ngwe Saung Square ကို ရေရှည်တည်တံ့အောင် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။



ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ဒုတိယဝန်ကြီးသည် ငွေဆောင်ကမ်းခြေဒေသရှိ ယမုံနာဦးဟိုတယ်၌ ကျင်းပသည့် ရုရှားဘာသာစကား(အခြေခံ)သင်တန်းဖွင့်ပွဲအခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးပြီး ငွေဆောင်ကမ်းခြေဒေသရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်နေကြသူများအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးနှင့်အတူ Diving Site အဖြစ်သတ်မှတ်ထားသည့် ခရီးစဉ်ဒေသများဖြစ်သော ငှက်ကျွန်း၊ ကျွန်းလျားရှည်ကျွန်းနှင့် လိပ်ကျွန်း၊ ချစ်သူများကျွန်းနှင့် ငွေဆောင်ကမ်းခြေရှိ Yacht Club and Merina Resort Hotel သို့ သွားရောက်ကာ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များကို ကောင်းမွန်သည့်ဝန်ဆောင်မှုများပေးနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချစွာ သွားလာလည်ပတ်နိုင်ရေးနှင့် သန့်ရှင်းသာယာလှပပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေး စီမံဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ အာဆင်နယ်အသင်းမှ**

ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၈၀ မှာ ကီဝီဝါ(ကိုယ့်ဂိုးကိုသွင်း)နဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပိုငါးမိနစ်မှာ လူးဝစ်ဒိုင်ယက်ဇ်ရဲ့ သွင်းဂိုးတို့ရရှိခဲ့လို့ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ ထိပ်ဆုံးကနေဦးဆောင်နေပြီး အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲမှာလည်း ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ထားတာဖြစ်ပါတယ်။ ဒါ့ပြင် ယူရိုပါလိဂ်ပြိုင်ပွဲမှာ ရှုံးထွက်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့သလို ယခုအက်ဖ်အေဖလားပြိုင်ပွဲမှာလည်း စတုတ္ထအဆင့်ကို တက်လှမ်းခွင့်ရရှိထားတာဖြစ်လို့ ဖလားလေးလုံးလမ်းကြောင်းပေါ်မှာ ရှိနေတဲ့အသင်းလည်း ဖြစ်ပါတယ်။

နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းကတော့ လီဗာပူးအသင်းကို ယခုအက်ဖ်အေဖလားပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံ ခုနစ်ပွဲမှာ တစ်ပွဲသာနိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နောက်ဆုံး သုံးပွဲဆက်ရှုံးနိမ့်မှုနဲ့ ကြုံခဲ့ရတာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ လက်ရှိအချိန်မှာ အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲနဲ့ အက်ဖ်အေဖလားပြိုင်ပွဲတို့ကို လက်ပြနှုတ်ဆက်ခဲ့ပြီလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

# ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စပါးကိုင်းကျေးရွာ ကုန်ထုတ် (မြေ+ဂဝံ)လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ဇန်နဝါရီ ၆ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်း စစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သူကိုကို၊ တိုက်ကြီးခရိုင်ဦးစီးမှူး ဒေါ်လွဲ့လွဲ့မွန်၊ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ လမ်းအရှည် သုည/၂ ဒသမ ၂၇ မိုင်၊ အကျယ် ၁၅ ပေ၊ ဒု နှစ်ပေ ခင်းခြင်းလုပ်ငန်း ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



**ကိုဇင်(ပြန်/ဆက်)**

# ဘင်္ဂလား ပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၈

ကပ္ပလီ ပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ဂျပန်နိုင်ငံအလယ်ပိုင်း၌ ငလျင်ဒဏ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်လျက်ရှိ

**တိုကျို ဇန်နဝါရီ ၈**

ဂျပန်နိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်က ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အာဏာပိုင်များသည် ငလျင်နှင့် ဆူနာမီကြောင့် ပျက်စီးဆုံးရှုံးမှု အတိုင်းအတာကို အပြည့်အဝသိရှိနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပြင်းထန်သောအအေးဓာတ်နှင့် ဆီးနှင်းများသည် သက်ဆိုင်ရာဒေသများသို့ ကျဆင်းလျက်ရှိသည်။

တာဝန်ရှိသူများက ဆီးနှင်းကြောင့် ထိခိုက်ခံစားရသူများအား ခန္ဓာကိုယ်အပူချိန်ကျဆင်းခြင်းမှ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်လည်း အကြံပေးထားသည်။ ဇန်နဝါရီ ၈ ရက်တွင် အီရှီကာဝါစီရင်စုနိုတိုကျွန်းဆွယ်ဒေသရှိမြို့များတွင်ဆီးနှင်းများစုပုံလာမှုမှာ ၁၀ စင်တီမီတာခန့်အထိ ရောက်ရှိခဲ့သည်။ နှင်းထု၏ အလေးချိန်ကြောင့် ပျက်စီးနေသည့် အဆောက်အအုံများ ပြိုကျနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။ လက်ရှိအချိန်၌ ယာယီတဲများတွင် ခိုလှုံနေသူအများစုမှာ သက်ကြီးရွယ်အိုများဖြစ်သည်။

လူပေါင်း ၂၈၀၀၀ ကျော်သည် အီရှီကာဝါစီရင်စုရှိ ရွက်ဖျင်တဲများတွင်နေထိုင်လျက်ရှိသည်။ အီရှီကာဝါစီရင်စု၏မြို့တော် ကန်နာဇာဝါမြို့ရှိ အားကစားရုံတစ်ခုတွင် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အထူးစောင့်ရှောက်မှုလိုအပ်သောသူများကို စတင်လက်ခံနေပြီဖြစ်သည်။

တာဝန်ရှိသူများက ငလျင်လှုပ်ခတ်ရာမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းသူများကို ဟိုတယ်များနှင့် အခြားအဆောက်အအုံများသို့ လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**







# ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးရေးထွက်ကုန်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံ ရရှိခဲ့

**ဖနောင်ပင် ဇန်နဝါရီ ၈**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် လယ်ယာထွက်ကုန်တင်ပို့မှုမှ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံ ရရှိခဲ့ကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဇန်နဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်ဇန်နဝါရီမှ ဒီဇင်ဘာလအတွင်း နိုင်ငံနှင့်ဒေသ ၇၅ ခုသို့ စိုက်ပျိုးရေးထွက်ကုန် တန်ချိန် ၈ ဒသမ ၄၅ သန်းနီးပါး တင်ပို့ခဲ့သော်လည်း ၂၀၂၂ ခုနှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိရသည်။

ပြည်ပပို့ကုန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကလယ်ယာထွက်ကုန်များမှာ ဆန်၊ ရော်ဘာ၊ ပီလောပီနံ၊ သရက်သီး၊ ငှက်ပျောသီး၊ ငရုတ်ကောင်း၊ သီဟိုဠ်စေ့၊ ပြောင်း၊ စားအုန်းဆီတို့ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယား၏ လယ်ယာထွက်ကုန်များကို တရုတ်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အား အဓိကတင်ပို့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အထူးသဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်၊ ငှက်ပျောသီး၊ သရက်သီးနှင့် ငရုတ်ကောင်း စသည့် စိုက်ပျိုးရေးထွက်ကုန်များတင်ပို့ရာ ကြီးမားသော ဈေးကွက်တစ်ခုဖြစ်ကြောင်း ကမ္ဘောဒီးယားစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တရုတ်၊ တောင်ကိုရီးယား၊ အာရပ်စော်ဘွားများ ပြည်ထောင်စုတို့နှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များသည် ရေရှည်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှု တိုးတက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ပါကစ္စတန်နိုင်ငံတစ်ဝန်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးလှုပ်ရှားမှု စတင်ဆောင်ရွက်

**အစ္စလာမာဘတ် ဇန်နဝါရီ ၈**

၂၀၂၄ ခုနှစ်အတွက် နိုင်ငံတစ်ဝန်း ပထမဆုံး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေး လှုပ်ရှားမှုကို ပါကစ္စတန်နိုင်ငံတွင် ဇန်နဝါရီ ၈ ရက်က စတင်ခဲ့ကြောင်း ပါကစ္စတန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ပိုလီယိုဆေးတိုက်ကျွေးမည်**

ဇန်နဝါရီ ၁၂ ရက်အထိ ကြာမြင့်မည့် ငါးရက်ကြာလှုပ်ရှားမှုကာလအတွင်း ငါးနှစ်အောက်ကလေး ၄၄ ဒသမ ၃ သန်းကျော်ကို ပိုလီယိုဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကာကွယ်ဆေးထိုး ဝန်ထမ်းလေးသိန်းကျော်သည် ပိုလီယိုကာကွယ်ဆေးများကို ကလေးများ၏အိမ်သို့ ယူဆောင်လာမည်ဖြစ်ကြောင်း သိရသည်။

ပိုလီယိုပပျောက်ရေး အမျိုးသားအရေးပေါ်စင်တာ၏ ညှိနှိုင်းရေးမှူး Shahzad Baig က ကလေးများကို ကာကွယ်ဆေးတိုက်ကျွေးရန်အတွက် အိမ်တံခါးဖွင့်ထားရန် မိဘများအား တိုက်တွန်းခဲ့သည်။

"ပိုလီယိုရောဂါသည် ကုသဆေးမရှိဘဲ ရောဂါခံစားရသည့် ကလေးတစ်ဦးချင်း သာမက မိသားစုတစ်ခုလုံး၏ဘဝများကိုပါ ပြောင်းလဲစေသည့် ဆိုးရွားသောရောဂါတစ်မျိုးဖြစ်သည်"ဟု ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ အချိန်ကြာမြင့်နိုင်ဟု အစ္စရေးတပ်ဖွဲ့အကြီးအကဲ ပြောကြား

**ဂျေရုဆလင် ဇန်နဝါရီ ၈**

ဂါဇာကမ်းမြောင်ဒေသတွင် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခသည် ယခုနှစ်တစ်လျှောက်လုံး ကြာမြင့်နိုင်ပြီး အခြားနယ်မြေဒေသများသို့ ပျံ့နှံ့ဖြစ်ပွားနိုင်ကြောင်း အစ္စရေးတပ်ဖွဲ့အကြီးအကဲ ဟာဇီဟေလာဗီက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားခဲ့သည်။ အစ္စရေးတို့ သိမ်းပိုက်ထားသော ပါလက်စတိုင်းနယ်မြေအနောက်ဘက်ကမ်းသို့ အလည်အပတ်ရောက်ရှိစဉ် ၎င်းက ယခုကဲ့သို့ မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဂါဇာကိုထိန်းချုပ်သည့် ပါလက်စတိုင်းဟားမတ်စ်အဖွဲ့နှင့် အစ္စရေးတို့အကြား ပဋိပက္ခများ လုံးလုံးလျားလျား အဆုံးမသတ်နိုင်သေးကြောင်း ၎င်းကမှတ်ချက်ပြုပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် စတင်ခဲ့သော ဂါဇာကမ်းမြောင်ဒေသပဋိပက္ခ စတင်ချိန်မှစ၍ တင်းမာမှုများ မြင့်တက်လာနေပြီး အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားနိုင်ခြေရှိကြောင်းလည်း ၎င်းက သတိပေးခဲ့သည်။ ဟစ်ဇ်ဘိုလာအဖွဲ့ ယခုစစ်ပွဲတွင် ပါဝင်လာသောကြောင့် အသေအပျောက် တိုးလာနေကြောင်း ၎င်းကပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်တွင် အစ္စရေး၏တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူဦးရေ ၂၂၈၃၅ ဦးအထိ ရှိလာပြီး ဒဏ်ရာရရှိသူ ၅၈၄၁၆ ဦးအထိ ရှိလာကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ထို့အပြင် အစ္စရေးတွင် ဟားမတ်စ်တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၂၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# လစ်ဗျားနိုင်ငံ၌ ၂၀၂၃ ခုနှစ်အတွင်း ရေနံမှဝင်ငွေ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃ ဘီလီယံအထိ ရရှိခဲ့

**ထရီပိုလီ ဇန်နဝါရီ ၈**

၂၀၂၃ ခုနှစ်တွင် လစ်ဗျားနိုင်ငံ၏ ရေနံဝင်ငွေသည်လစ်ဗျားဒိုင်နာ ၁၁၁ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃ ဘီလီယံခန့်) ရှိကြောင်း လစ်ဗျားဗဟိုဘဏ်က ဇန်နဝါရီ ၇ ရက်တွင် ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံ၌ ရေနံနှင့်စပ်လျဉ်းသော ရငွေစုစုပေါင်း၏ ဒိုင်နာ ၉၉ ဒသမ ၁ ဘီလီယံသည် ရေနံရောင်းရငွေဖြစ်ပြီး ဒိုင်နာ ၁၂ ဒသမ ၃ ဘီလီယံသည် ရေနံမှရရှိသည့် အခွန်ငွေများဖြစ်ကြောင်း လစ်ဗျားဗဟိုဘဏ်က ဆိုသည်။

နိုင်ငံ၏စုစုပေါင်းအများပြည်သူရငွေမှာ ၂၀၂၃ ခုနှစ်တွင် လစ်ဗျားငွေကြေး ဒိုင်နာ ၁၂၅ ဒသမ ၉ ဘီလီယံဖြစ်ပြီး အသုံးစရိတ်မှာ ဒိုင်နာ ၁၂၅ ဒသမ ၇ ဘီလီယံဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်းက လစ်ဗျားနိုင်ငံ၏ ဝင်ငွေသည် ဒိုင်နာ ၁၃၄ ဒသမ ၄ ဘီလီယံဖြစ်ပြီး အသုံးစရိတ်မှာ ဒိုင်နာ ၁၂၇ ဒသမ ၉ ဘီလီယံဖြစ်ကြောင်း သိရသည်။

လစ်ဗျားနိုင်ငံ၏ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍသည် နိုင်ငံ့ဝင်ငွေ၏ အဓိကအရင်းအမြစ်ကို ကိုယ်စားပြုနေသော်လည်း ပြီးခဲ့သောနှစ်များအတွင်းက လက်နက်ကိုင်ပဋိပက္ခအပြင် ရေနံမြေနှင့် ဆိပ်ကမ်းများပိတ်သိမ်းခြင်းတို့ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# စစ်တွေမြို့၌ အရပ်သား ၆၀ ခန့်ကို တပ်မတော်က အင်အားသုံး ဖမ်းဆီးဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ အရပ်သား ပြည်သူ ၆၀ ခန့်ကို တပ်မတော်က ဇန်နဝါရီ ၇ ရက်တွင် အင်အားအလုံးအရင်းဖြင့် ဖမ်းဆီး သွားခဲ့သည်ဟု ရခိုင်မီဒီယာတစ်ခုဖြစ်သည့် Development Media Group မှ ကောလာ ဟလသတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မှန်ကန်မှု မရှိကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံ ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေး အတွက် ပုံမှန်စစ်ဆေးခြင်းများကို ဆောင်ရွက် လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြစ်မဲ့ အရပ်သားပြည်သူများကို အကြောင်းမဲ့ဖမ်းဆီး မှုများ လုပ်ဆောင်ခြင်းမရှိကြောင်း သက်ဆိုင် ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် နယ်မြေဒေသများ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေ ရန် တိကျခိုင်မာမှုမရှိသော အကြောင်းအရာများ




ကို ကောလာဟလသတင်းများအဖြစ် ဖန်တီး ရေးသားကာ တိုင်းရင်းသားပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန် ဝါဒဖြန့်လှုံ့ဆော်ရေးသားခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အောင်လံမြို့နယ် ဘွတ်ကြီးတံတား စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Probox ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။




မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

**စစ်ဆေးမှုများဆောင်ရွက်**

ထို့ပြင် ဇန်နဝါရီ ၆ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ်၌ တရားမဝင်ကျွန်းသစ် သုညဒသမ ၅၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၅၂ ကျပ်) နှင့် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်၌ တရားမဝင် အခြားသစ် ၂၀ ဒသမ ၈၃၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၂၆၉၄ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပျဉ်းမနားမြို့နယ်၌ လိုင်စင်မဲ့ Kawasaki Z1000 ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၄၄၄၆ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထို့ပြင် ဇန်နဝါရီ ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Carabao အချိုရည်ဘူး ၂၀၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၉၁၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇန်နဝါရီ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၉၉၄၄၆ ကျပ်)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "May Zin Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ မဇင်ထွန်းအား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Direw X Kelly" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ချမ်းမြဝတီရပ်ကွက်နေ အောင်ခန့်မိုး(ခ)ဝမ်းစွေ့အား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၁-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ လူမပြုနတ်ထုသည့်....ကျွန်း
- ၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၂၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး' (အပိုင်း-၄၇)
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၉၆)
- ၁၆:၃၅ "ကလောင်စွမ်းဖြင့်၃ ဂဏ်အလင်းတံခါး ဖွင့်ကြသူများ" (ကြူကြူသင်းအမျိုးသားစာပေတစ်သက်တာဆုရှင်)
- ၁၇:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၃၀ အသွင်ဆန်းပြားဟိုကျင်းရွာမှအာခါလူမျိုးများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး' (အပိုင်း-၄၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၀)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၁၁)

### mitv

- 07:02 Evergreen Classic: An Da Yel Kin (Htar)
- 07:11 Lucrative Myanma Rattan Industry
- 07:30 Popsicle Sticks Art Creator
- 07:43 Travelogue: Trekking Around Kalaw Township
- 08:01 News
- 08:26 Global Updates; What needs to be done to decarbonize our transportation
- 08:29 Commercial Farmimg to GDP Growth, Lady's Fingers Grower
- 08:41 Reconservation Thatbyinnyu Temple
- 09:01 Introductory Programme of Literary Award Winners: U Zaw Htay (Culture)
- 09:19 Myanmar Puppeteers (U Shwe Yoe & Daw Moe Dance)
- 09:29 Wushu Kids & Their Limit (Ep-1)
- 09:41 Conflict & Solution Between Man & Elephant
- 10:01 News
- 10:27 Bottle Gourd Painting
- 10:32 Broom Making Business
- 10:44 Kyaw Min Thu (Winner) Lose2Win With Andy

### MRTV NRC

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၈)
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** ရှမ်းငေါင်းငေါင်းငေါင်းနည်း
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** ဝက်သားနှင့်သရက်သီးခြောက်ချက်စားကြမယ်
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** ကချင်ဒံပေါက်လုပ်စားမယ်
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** ဆေးပက်ဝင်တာမာပင်
- **ပအိုဝ်း (၁၆:၀၀ မှ ၁၇:၀၀)** ဖုံးအစပ်ချက်နှင့်သခွတ်ပွင့်သုပ်
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** အလှဖြာဝေဖားစည်မြေ
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** စွဲမက်စရာဇင်ပြုံးသီးတာလပေါ်ဟင်းလျာ
- **ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)** ငါးရံ့ခါးသီးနှင့်ကျန်းမာရေး
- **ချင်း (ဒိုး) (၂၀:၀၀ မှ ၂၁:၀၀)** ကျောက်ရိုးတော်ဇာတ်စေတီ
- **မွန် (၂၁:၀၀ မှ ၂၃:၀၀)** အရသာရှိသောမွန်ပြည်နယ်ကကျဲကောသီး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ ECONOMIC REVIEW
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား "ကမ္ဘာ့အမွေအနှစ်ဖြစ်သင့်သည့်သံလွင်မြစ်" (အပိုင်း-၂)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ယုန်ကမတိုးပိုက်ကတိုး'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)အပိုင်း-၂
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၁)
- ၁၈:၀၀ ရွေးကောက်ပွဲများအတွက်အီလက်ထရောနစ်မဲပေးစနစ်

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၁၀ ကျေးလက်ကွန်ရက်
- ၀၆:၂၅ အပင်ဗီဇအရင်းအမြစ်များစုဆောင်းရာမျိုးစေ့ဘဏ်အကြောင်းသိကောင်းစရာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ချွန်ပီယံလေးများ(ဇာတ်လမ်း)
- ၂၂:၀၀ သားပိုက်ကောင်(ဇာတ်လမ်း) ဒါရိုက်တာ-စတီးလ်၊သရုပ်ဆောင်-ထွန်းထွန်း၊ စိုးမြတ်သူဇာ

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Max
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၈:၃၀ တိုက်ကွန်ဒို "စိုးစိုးမြာ"

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် ဇန်နဝါရီ ၈

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်း ပေးအပ်လျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့ သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထန်းတပင် မြို့နယ်၊ ခရမ်းမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ ဒေါပုံ မြို့နယ်နှင့် ဒလမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့အား တာဝန်ရှိသူ များက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ သည့် ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF သင်တန်း ဆင်း အလင်းဝင်ရောက်လာသော လူငယ်များ၏ မိသားစုဝင်များကိုယ်စား မိခင်တစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေ ဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်း ချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက် အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှု ကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက် ရှိကြောင်း သိရသည်။

သတင်းစဉ်




# ကလေးအကျဉ်းထောင်တွင် နိုင်ကျဉ်း ၂၈ ဦး နှစ်ချီသံခြေချင်းခတ် တိုက်ပိတ်ခံခဲ့ရဟု ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၈

ကလေးအကျဉ်းထောင်တွင် နိုင်ငံရေးပုဒ်မများ နှင့် နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံထားရသည့် နိုင်ငံရေး အကျဉ်းသား ၂၈ ဦးအား နှစ်နှစ်နီးပါးကြာ ခြေချင်း ခတ်ကာ တိုက်ပိတ်ထားကြောင်းကို မြန်မာနိုင်ငံလုံး ဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက်ထံမှ ထုတ်ပြန်ပြောဆိုချက်အရ သိရသည်ဟု သတင်း အမှားများကို ကိုးကားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက် အရ "အကျဉ်းသား ၂၈ ဦးသည် ထောင်အရာရှိများကို ဓားစာခံအဖြစ်ဖမ်းဆီး၍ အကြမ်းဖက်ဆူပူအုံကြွ ထွက်ပြေးရန် ကြိုးစားခဲ့ခြင်းကြောင့် အကျဉ်းထောင် အက်ဥပဒေနှင့်အညီ တိုက်ပိတ်ခြင်း၊ ခြေချင်းခတ် ခြင်း၊ တရားစွဲဆိုခြင်းတို့ကို ဆောင်ရွက်ရခြင်းဖြစ်ပြီး ယခုတွင် အမှုကိစ္စများပြီးပြတ်၍ ၁-၁-၂၀၂၄ ရက်နေ့ တွင် ခြေချင်းဖြုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် ဥပဒေ နှင့်အညီသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း" သိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများ အနေဖြင့် အကျဉ်းဦးစီးဌာန၊ အကျဉ်းထောင်များတွင် အကျဉ်းထောင်အက်ဥပဒေနှင့်အညီ တာဝန် ထမ်းဆောင်နေမှုအပေါ် အများပြည်သူမှ အထင်အမြင် လွဲမှားစေရန် ကောလာဟလသတင်းများ ရေးသား ဖြန့်ဝေကာ ဝါဒဖြန့် ထိုးနှက်ခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်ကပစ်ခတ်သော လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် နတ်သံကွင်းဈေးမီးလောင်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် တပ်မတော်ကပစ်ခတ်သော လက်နက်ကြီးကျရောက် ပေါက်ကွဲမှုကြောင့် ဇန်နဝါရီ ၇ ရက်တွင် နတ်သံကွင်း ဈေး မီးလောင်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှား များကို တရားမဝင်ပြည်ဖျက်မီဒီယာ Mizzima က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၇ ရက်က နတ်သံကွင်း မြို့တွင် ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့် နယ်မြေ တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သောင်းကျန်း သူများက လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ် ခြင်းကြောင့် နတ်သံကွင်းဈေးအတွင်းသို့ ကျရောက် ပေါက်ကွဲခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူ လူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝ ကို ပျက်စီးစေရန် လုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ် တွင်လည်း ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ဒေသခံပြည်သူ များမှ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက် စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပညာဖြင့် တည်ဆောက်ကြရာဝယ်"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စုပေါင်း ကာကွယ် ကောလာဟလအန္တရာယ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက် မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျိုက်ထိုမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်

ကျိုက်ထို ဇန်နဝါရီ ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၄) ကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်မီးသတ်ဦးစီးဌာန၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကျိုက်ထိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးပြည်ထွန်းက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ယခုဖွင့်လှစ်



သည့်သင်တန်းသည် အလွန်ကောင်းမွန်ကြောင်း၊ ဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက သင်တန်းမှ သင်ကြားပို့ချပေးသည့် ပညာရပ်များဖြင့် ဆုံးရှုံးမှုတန်ဖိုးအနည်းဆုံးဖြစ်စေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး စေလိုကြောင်း၊ သင်ကြားပေးသည့်ဘာသာရပ်များကိုလည်း စနစ်တကျ လေ့လာသင်ယူကြစေလိုကြောင်း အဖွင့်အမှာစကားပြောကြား သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဝေယံ အောင်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့် သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး သင်တန်း သားများအား အရန်မီးသတ်တပ်ဖွဲ့ဝင်ဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးပြည်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ် သည်။

အဆိုပါသင်တန်းတွင် အခြေခံလက်နက်မဲ့စစ်ရေးပြဘာသာရပ်၊ မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးဘာသာရပ်၊ မီးငြိမ်း သတ်ရေးဘာသာရပ်များကို ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ လေးပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

# စာပေယဉ်ကျေးမှု လက်ဆင့်ကမ်းထိန်းသိမ်း

**စာပေသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသည်းနှလုံးဖြစ်သည်။ စာပေသည် လူတို့အား အသိဉာဏ်ပွင့်လင်းစေသည့် ဦးနှောက်အာဟာရကို ဖြစ်စေပါသည်။ ထို့အပြင် စာဖတ်သူတို့ကို ရသကိုးပါး ပေးနိုင်စွမ်းသည့် နှလုံးသားအာဟာရလည်း ဖြစ်ပါသည်။ နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာများအပြင် နှလုံးရည်ပြည့်ဝသူများဖြစ်ရန်အတွက် စာပေက အဓိကပံ့ပိုးပေးပါသည်။**

သိန်းထွန်း (IR)

သို့ဖြစ်သည့်အတွက်လည်း မြန်မာစာပေကို ခေတ်အဆက်ဆက် ထိန်းသိမ်းမြှင့်တင်လာခဲ့ကြရာ မြန်မာစာပေသည် ယနေ့ထက်တိုင် အဆင့်အတန်းမြင့်မားစွာရှိနေပါသည်။ သို့သော် ယနေ့အချိန်အခါတွင်မူ ခေတ်၏ ပြောင်းလဲမှုရေစီးကြောင်းများကြောင့် မြန်မာ့စာပေယဉ်ကျေးမှုသည် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအကြား လမ်းဆုံလမ်းခွသို့ ရောက်ရှိနေပါသည်။



**စာပေဆိုသည်မှာ**

စာပေဆိုသည်မှာ စာကို သုခုမအရာရောက်အောင် (သို့မဟုတ်) အနုပညာသက်ဝင်အောင် ဖွဲ့စည်းစီရင်ထားခြင်းဟု ဆိုပါသည်။ အချို့ဘာသာစကားများတွင် ရေးအခါက စာဟူ၍ မပေါ်ပေါက်သေးမီကပင် သီချင်းများ၊ ကဗျာလင်္ကာများကို ဖွဲ့နွဲ့သီကုံးကာ စပ်ဆိုမှုပြုခဲ့ကြသည်။ စာပေနှင့်ပတ်သက်၍ "လူတွေသည် စာရေးတတ်မှ စာပေပေါ်တယ်လို့ထင်ကြတယ်။ ဒါပေမဲ့ ရေးတတ်စရေးတဲ့အကြောင်းအရာဟာ မရေးတတ်ခင်ကပဲ ရှိပါတယ်။ စာပေဟာ စာအရေးအသားမပေါ်ခင်က စတင်တယ်လို့ ပညာရှင်တွေ အယူရှိပါတယ်" ဟု ဆရာကြီး ဒေါက်တာသန်းထွန်းက ဆိုပါသည်။ စာပေဆိုင်ရာ ဖွင့်ဆိုမှုများကွဲပြားစေကာမူ စာပေဟုအများကလက်ခံထားသော စာများသည် အသိဉာဏ်တို့ ပေါက်ဖွားရှင်သန်ရာ ဘူမိနက်သန်ဖြစ်သည်ဆိုသည့် အယူအဆကိုမူ ကွဲလွဲကြမည်မထင်ပါ။

ထိုစာပေတို့သည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသိဉာဏ်အရည်အသွေး၊ စဉ်းစားတွေးခေါ်မှု၊ ခံစားမှုဉာဏ်ရည်၊ စာရိတ္တ၊ ကျင့်ဝတ်လိုက်နာမှုကဲ့သို့သော အရည်အသွေးများ မြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြပါသည်။ ထို့အပြင် ခေတ်အလိုက် ထွန်းကားခဲ့ကြသော စာပေယဉ်ကျေးမှုတို့သည် ယင်းခေတ်၏သမိုင်းတို့ကို ဖော်ပြနေပါသည်။ စာပေသည် လူသားများ၏ စိတ်ဝင်စားဖွယ်အကောင်းဆုံးနှင့် အထင်ရှားဆုံးဖော်ပြချက်များထဲမှ တစ်ခုဖြစ်သည်ဆိုသည့် စကားကဲ့သို့ပင် စာပေများသည် ခေတ်၏ကြေးမုံလည်း ဖြစ်ပါသည်။

**စာပေ၏ အရေးပါမှု**

စာပေသည် လူ့အဖွဲ့အစည်းတွင် များစွာအရေးပါသော ကဏ္ဍတစ်ခု ဖြစ်ပါသည်။ လူတို့၏ အတွေးအခေါ်တို့သည် စာပေများတွင် အခြေပြုပေါက်ပွားကြပါသည်။ အတွေးအခေါ်တို့ သန္ဓေတည်ရာဟုလည်း ဆိုနိုင်ပါသည်။ ထို့အတူ စာဖတ်သူများ၏ နယ်ပယ်ချဲ့ထွင်မှုကို စာပေက ကူညီပံ့ပိုးပေးနိုင်ပါသည်။ စာပေမျိုးစုံကို ဖတ်ရှုလေ့လာခြင်းဖြင့် ကမ္ဘာအနှံ့ရှိ ဒေသများ၊ လူမျိုးများ၊ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများ၊ အယူအဆများနှင့် သမိုင်းကြောင်းများကို နှိုင်းယှဉ်သိရှိနိုင်ပါသည်။ မတူကွဲပြားသော စာပေများသည် စာဖတ်သူများ၏ အတွေးအမြင်များကို ဖွင့်ပေးနိုင်ပါသည်။

ထို့အပြင် ခေတ်အဆက်ဆက်မှ စာပေများသည် အတိတ် သို့မဟုတ် ပစ္စုပ္ပန်၏ သမိုင်းကြောင်းများကို ချိတ်ဆက်ရာတွင် ထိရောက်သောနည်းလမ်းတစ်ခု ဖြစ်ပါသည်။ ဥပမာ အင်းဝခေတ် ကဗျာလင်္ကာများကိုလေ့လာခြင်းဖြင့် ယင်းခေတ်၏ လူမှုဓလေ့များ၊ ယဉ်ကျေးမှုနှင့် အတွေးအခေါ်တို့ကို သိရှိရသဖြင့် ယနေ့ခေတ်အခြေအနေများနှင့် နှိုင်းယှဉ်သိရှိနိုင်မည်ဖြစ်သည်။ စာပေများသည် သုတများ ပေးနိုင်ရုံမက ရသများလည်း ပေးနိုင်ပါသည်။ စာပေသည် လူတစ်ဦးချင်း တစ်ယောက်ချင်းအတွက်သာမက လူ့အဖွဲ့အစည်းအတွက်လည်း အရေးပါပါသည်။

**အကျိုးပြုမှု**

စာတတ်သူများသည် စာပေကို ဖတ်ကြသည်။ စာပေဖတ်သောအခါ အကြောင်းအရာအလိုက် ဆိုင်ရာအသိဉာဏ်ကိုရသည်။ ထို့ကြောင့် စာပေသည် အသိဉာဏ်ကိုရစေသော ပစ္စည်းကိရိယာအဖြစ် သတ်မှတ်သည်။ ယင်းကို ဒဿနဝေါဟာရဖြင့် သဒ္ဒပမာဏာဟု ခေါ်သည်ဟု ဆရာကြီး ဦးရွှေအောင်၏ စာဖတ်သူများ စာအုပ်တွင် ဆိုထားပါသည်။ စာပေမြင့်မှ လူမျိုးမြင့်မည်၊ စာပေပျောက်က လူမျိုးပျောက်မည်ဆိုသည့် မြန်မာဆိုရိုးစကားရှိပါသည်။ အဓိပ္ပာယ်မှာ စာပေမြင့်မားတိုးတက်လာသော လူမျိုးတို့သာ အဆင့်အတန်း တိုးတက်မြင့်မားမည်။ စာပေပျောက်ကွယ်ပါက လူမျိုးပါ တိမ်ကောပပျောက်မည်ဟု ဆိုပါသည်။

စာပေသည် ဤမျှ အစွမ်းထက်ပါ၏။ လက်တွေ့တွင်လည်း တိုးတက်လိုသောလူတိုင်းသည် စာပေနှင့် ကင်းကွာ၍ မရပါ။ စာပေမှရရှိသော အသိပညာ၊ ဗဟုသုတ၊ ပျော်ရွှင်မှု၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်နှင့် အရည်အသွေးများသည် လူတစ်ဦးတစ်ယောက်ကိုသာမက လူ့အဖွဲ့အစည်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက် ဖြစ်ပါသည်။

စာပေသည် လူ့အဖွဲ့အစည်း၏အဆင့်အတန်းကိုမြင့်မားစေပြီး အသိဉာဏ်ပွင့်လင်းစေသည်ဆိုသော်လည်း စာဖတ်သူတို့အား အဆိပ်အတောက်ဖြစ်စေသည့် စာပေများရှိကြသည်ကို သတိပြုကြရပါမည်။ စာပေတွင် ကဏ္ဍအမျိုးမျိုး ရှိကြသည်ဖြစ်၍ စာဖတ်သူများသည် မိမိဖတ်ရှုသည့် စာပေ၏ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ဆန်းစစ်ဖတ်ရှုမှသာ စာပေ၏ ကောင်းကျိုးကို ရရှိနိုင်ပါသည်။

"စာဖတ်ခြင်းဟူသည် စာဖတ်သူ၏ဘဝ၌ မြင့်မားသော အကွေ့အပြောင်းကို ဖြစ်ပေါ်စေသော "အသိဉာဏ်" ကို ရရှိမှသာလျှင် မှန်ကန်သော စာဖတ်ခြင်းမည်၏"ဟု မှန်ကန်သောစာဖတ်ခြင်းနှင့် ပတ်သက်၍ ဆရာကြီး ဦးရွှေအောင်က ဆိုပါသည်။ "စာဖတ်သူများသည် စာကိုဖတ်တိုင်း စာ၏အနက်သည် ကုသိုလ်ဖြစ်သည်၊ သို့မဟုတ် အကုသိုလ်ဖြစ်သည်ဟူ၍ ခွဲခြားသိဖို့လိုပါ၏။ ထိုသို့ သိပါမှလည်း အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်း သိသည်မည်၏။ ထိုသို့ သိခြင်းကို ယထာဘူတဉာဏ်ဟူ၍ဆို၏" ဟုလည်း ဆိုပါ၏။

> **ထိုစာပေတို့သည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသိဉာဏ်အရည်အသွေး၊ စဉ်းစားတွေးခေါ်မှု၊ ခံစားမှုဉာဏ်ရည်၊ စာရိတ္တ၊ ကျင့်ဝတ်လိုက်နာမှုကဲ့သို့သော အရည်အသွေးများ မြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြပါသည်။ ထို့အပြင် ခေတ်အလိုက်ထွန်းကားခဲ့ကြသော စာပေယဉ်ကျေးမှုတို့သည် ယင်းခေတ်၏သမိုင်းတို့ကို ဖော်ပြနေပါသည်။ စာပေသည် လူသားများ၏ စိတ်ဝင်စားဖွယ်အကောင်းဆုံးနှင့် အထင်ရှားဆုံးဖော်ပြချက်များထဲမှ တစ်ခုဖြစ်သည်ဆိုသည့် စကားကဲ့သို့ပင် စာပေများသည် ခေတ်၏ကြေးမုံလည်းဖြစ်**

စာဖတ်ရှုသူများ မှန်ကန်စွာဖတ်ရှုမှ စာပေအကျိုးကျေးဇူးရနိုင်သကဲ့သို့ စာပေများသည်လည်း စာကောင်းပေမွန်များဖြစ်မှ စာပေဖြင့် အကျိုးပြုနိုင်ပါသည်။ စာပေ၏ အနှစ်သာရ၊ ရည်ရွယ်ချက်၊ ကျိုးကြောင်းညီညွတ်မှု စသည့် စာကောင်းပေမွန်တစ်ရပ်တွင် ရှိသင့်သည့်အင်္ဂါရပ်များနှင့် ပြည့်စုံသည့်စာပေများသည်သာ စာပေ၏ ကောင်းကျိုးများကို ပေးနိုင်ပါသည်။ ထိုသို့မဟုတ်ဘဲ အဆိပ်အတောက်ရှိသောစာပေများ များပြားလာပါက စာပေအဆင့်အတန်းကို နိမ့်ကျစေသည့်အပြင် ဘေးထွက်ဆိုးကျိုးများကိုဖြစ်စေမည်ဖြစ်ပါသည်။

**မြန်မာစာပေ**

မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၆၀၀ ခန့်ကစ၍ စာအရေးအသားတို့ ပေါ်ပေါက်လာပြီး စာရေးတတ်ခြင်းမှာ မကြာသေးကြောင်းဆိုပါသည်။ မြန်မာစာပေအရေးအသားများကို ပုဂံခေတ်ကျောက်စာများတွင် စတင်တွေ့ရှိရပါသည်။ အခုဆိုလျှင် နှစ်ပေါင်းတစ်ထောင်နီးပါးရှိပြီဖြစ်သည်။ ပုဂံခေတ်စာပေများမှ စာပေအသုံးအနှုန်း တွေးယူဖန်တီးပုံမှာ အလွန်အဆင့်မြင့်မားကြောင်း ဆိုပါသည်။ ပုဂံခေတ်စာပေများတွင် တွေ့ရှိရသည့် "အတိုင်းမသိ"၊ "ရေကြည်ရာ မြက်နုရာ" စသည့် စကားအသုံးအနှုန်းတို့သည် ယနေ့ထက်တိုင် သုံးစွဲနေကြဆဲဖြစ်သည်ကို ကြည့်ခြင်းအားဖြင့် ပုဂံခေတ်စာပေ၏ အဆင့်အတန်းကို ခန့်မှန်းနိုင်ပါသည်။

ပုဂံခေတ်တွင် လေးလုံးတစ်ပိုဒ်ရေးသည့် ပုံစံမျိုးအား ကျောက်စာအချို့တွင် တွေ့ရသော်လည်း ကဗျာလင်္ကာများသည် အင်းဝခေတ်တွင် များစွာထွန်းကားခဲ့ကြောင်း ဆိုပါသည်။ ထိုသို့ ခေတ်အဆက်ဆက် တိုးတက်လာသော မြန်မာစာပေ၏ အဆင့်အတန်းသည် အခြားသော စာပေများနှင့် နှိုင်းယှဉ်ကြည့်လျှင် ယနေ့ထက်တိုင် အဆင့်အတန်းမြင့်မားသည်ကို တွေ့ရပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလက တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံကို ကြည့်လျှင် ယခင်က စာပေအပေါ်ထားရှိသည့် သဘောထားကို တွေ့ရမည်ဖြစ်ပါသည်။ ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ တို့ပြည်ကို ချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ ဆိုသည့် ကြွေးကြော်သံသည် ထူးခြားလေးနက်လှပါ၏။ နယ်ချဲ့ဆန့်ကျင်ရာတွင်ပင် မြန်မာစာပေနှင့် မြန်မာစကားကို အခြေခံခဲ့ကြသည်ကို တွေ့ရပါသည်။ မြန်မာစာပေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့နိုင်ငံကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်ပါ၏။ မိမိတို့ ဘိုးဘွားများသည် ပုဂံခေတ်မှစ၍ ယနေ့ထက်ထိတိုင် မြန်မာစာပေကို မြှင့်တင်ပေးခဲ့ကြ၍လည်း မြန်မာစာပေသည် ယနေ့ထက်တိုင် ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ဆဲဖြစ်ပါသည်။

**နည်းပညာခေတ်**

ယနေ့ကာလသည် နယ်ပယ်ကဏ္ဍအသီးသီး၌ နည်းပညာများ ထိုးဖောက်ဝင်ရောက်နေပြီဖြစ်သည်။ ခေတ်နှင့်အညီ မရှိမဖြစ်လိုအပ်သည့် နည်းပညာများသည် လျင်မြန်သည့် တိုးတက်မှုများနှင့်အတူ အပြောင်းအလဲများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ဒစ်ဂျစ်တယ်ခေတ်တွင် စာပေကဏ္ဍ၌လည်း စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ဒွန်တွဲဖြစ်ပေါ်လျက်ရှိပါသည်။ စာပေများကို ဒစ်ဂျစ်တယ်ပလက်ဖောင်းများပေါ်တွင် လူတိုင်းလွယ်ကူစွာ ဖန်တီးနိုင်ကြသည်။ စာပေဖတ်ရှုသူများသည်လည်း စာပေများကို လူမှုမီဒီယာကဲ့သို့သော ဒစ်ဂျစ်တယ်ပလက်ဖောင်းပေါ်တွင် လွယ်လင့်တကူ ဖတ်ရှုလာနိုင်ကြသည်။ ဒစ်ဂျစ်တယ်ပလက်ဖောင်းများပေါ်တွင် စာပေဖန်တီးမှု၊ စီးဆင်းမှု၊ တုံ့ပြန်မှုများ မြန်ဆန်လာကြသည်။ လွတ်လပ်စွာ စာပေဖန်တီးမှုများသည် ခေတ်ရေစီးကြောင်းနှင့်အတူ တိုးတက်သည်များလည်း ရှိသကဲ့သို့ ကျဆင်းမှုများ ဖြစ်ပေါ်နေသည်ကိုလည်း တွေ့ရသည်။

နည်းပညာတိုးတက်မှုပြောင်းလဲမှု၏ လွှမ်းမိုးမှုများသည် မြန်မာစာပေမှမဟုတ် အခြားသော စာပေများတွင်လည်း ကြုံတွေ့နေကြပါသည်။ ယခင်ကလည်း ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲခြင်းများကို တွေ့ကြုံဖြတ်သန်းခဲ့ကြရပြီးဖြစ်သည်။ ယင်းတို့မှာ ရှောင်လွှဲ၍မရသော အခြေအနေဖြစ်၍ လိုက်လျောညီထွေ လက်ခံကြရပါမည်။

စာမျက်နှာ ၁၇ သို့ ○

❒ ကျောဖုံးမှ

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ** တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ရရှိပြီးသူ၊ သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့်ဆီစက်လုပ်ငန်းရှင်များအသင်းဝင် ဆီစက်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

**(က) ချေးငွေပမာဏ**

| | | |
|---|---|---|
| **(၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) အတွက်ချေးငွေ** | – | အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀၀ အထိ |
| **(၂) မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ** | – | အနည်းဆုံး ကျပ် သိန်း ၂၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀၀ အထိ |

**(ခ) ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

| | | |
|---|---|---|
| (၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ | – | **ချေးငွေသက်တမ်း(၁)နှစ်** |
| (၂) မတည်ရင်းနှီးငွေ | – | **ချေးငွေသက်တမ်း (၃) နှစ် ၃ ရစ်ဆပ်** |
| **(ဂ) ချေးငွေအတိုးနှုန်း** | – | **၁ နှစ်လျှင် (၅%)** |

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည် –

(က) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များ အသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊**

(င) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး၊**

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန website www. mopf. gov.mm ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov.mm/၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com၊ MEB website www. meb.gov.mm၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ**
**စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

# ၂၀၂၄ ခုနှစ် နှစ်သစ်ကာလတွင် မန္တလေးဈေးကွက်အတွင်း ပြည်ပပို့ကုန်ပဲများနှင့် ဆီထွက်သီးနှံများ အရောင်းအဝယ်ကောင်းမွန်နေ

**မန္တလေး ဇန်နဝါရီ ၈**

၂၀၂၄ ခုနှစ် နှစ်သစ်ကာလတွင် မန္တလေးဈေးကွက်အတွင်း၌ ပြည်ပပို့ကုန်ပဲများနှင့် ဆီထွက်သီးနှံများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

၂၀၂၃ ခုနှစ်အကုန် ကူးပြောင်းချိန်ကာလတွင် ပြည်ပဈေးကွက်ဝင်ပို့ကုန်များ ဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ဆီထွက်သီးနှံများသည် အရောင်းအဝယ်များ ပိုမိုကောင်းမွန်နေကြောင်း၊ ယခုနှစ်လက်ရှိအချိန်တွင် မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ နှင့် မြေပဲလုံး ဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀ ကျော်၊ နှမ်းဖြူသုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၃၄၀၀၀၀၊ နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။



"ဈေးကွက်ထဲမှာတော့ ပြီးခဲ့တဲ့နှစ်ထက်စာရင် အိန္ဒိယပို့ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံတွေ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ တရုတ်ပြည်ပို့ကုန်ဖြစ်တဲ့ နှမ်းနဲ့ မြေပဲလုံးဆန်တွေလည်း အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ဒီနှစ်မှာရာသီဥတုက အသင့်အတင့် ကောင်းမွန်တာကြောင့် သီးနှံတွေလဲ ပုံမှန်အတိုင်း ထွက်ရှိလာပါတယ်။ ခုချိန်မှာ ပြည်ပပို့ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ နှမ်း၊ မြေပဲ၊ နှံစားသီးနှံဖြစ်တဲ့ ဂျုံ၊ ပြောင်းတွေ အားလုံး ထွက်ရှိလာပါတယ်။ ၂၀၂၄ ခုနှစ်ဟာ ဖောက်သည်နိုင်ငံတွေကလည်း ဝယ်ယူမှုတွေ တိုးတက်များပြားပြီးတော့ စဉ်ဆက်မပြတ်တင်မက ပိုမိုဝယ်ယူမှုတွေ တွေ့ရှိရပါတယ်။ မန္တလေးဈေးကွက်ထဲမှာ ပြည်ပပို့ကုန် ပဲမျိုးစုံနဲ့ နှံစားသီးနှံတွေ အရောင်းအဝယ်တွေ ကောင်းနေတယ်။ ဒီနှစ် တောင်သူတွေအတွက် မင်္ဂလာရှိတဲ့နှစ်တစ်နှစ်ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် ပြည်ပဈေးကွက်ဝင် ပို့ကုန် ပဲများနှင့် ဆီထွက်သီးနှံများ ဈေးကွက်သို့ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ယင်းပဲသီးနှံများကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများတွင် ရာသီမရွေးစိုက်ပျိုးကြပြီး ရန်ကုန်၊ ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးများတွင် ဆောင်းသီးနှံအဖြစ် တစ်ရာသီသာ စိုက်ပျိုးကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ငပုတောမြို့နယ်၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ငပုတော ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျုံကူး-ရေကျော်-ရေတွင်းကုန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ယင်းသို့စစ်ဆေးရာတွင် စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်း၊ အရည်အသွေးထိန်းသိမ်းရေးနှင့်စစ်ဆေးရေးအဖွဲ့မှ ဦးစီးအရာရှိ (မြို့ပြ) ဦးသန့်ဇင်၊ ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းတို့က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် လမ်းရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❍ စာမျက်နှာ ၁၆ မှ

သို့သော် ခေတ်နှင့်အညီပြောင်းလဲမှုတိုင်းကို မျက်စိစုံမှိတ် လက်ခံရမည်ဟု မဆိုနိုင်ပါ။ အကောင်းအဆိုး ဒွန်တွဲတတ်သည့်သဘောကို သတိပြုကြရပါမည်။ အချို့သည် တိုးတက်မှုအသွင်ဖြင့် ပြောင်းလဲကြပါသည်။ အချို့သည် ကျဆင်းလာမှုအသွင်ဖြင့် တွေ့ရပါသည်။ တစ်ခါတစ်ရံ တိုးတက်မှုနှင့် ကျဆင်းမှုမှာ အချိုးမညီစွာ ပြောင်းလဲလျက်ရှိပါသည်။ လူထုအတွင်း အသုံးပြုမှုများလာသော လူမှုကွန်ရက်တို့သည် မြန်မာစာပေ ဖန်တီးမှု၊ လမ်းကြောင်း၊ အနှစ်သာရ၊ ကျင့်ဝတ်နှင့် စာပေဖတ်ရှုမှု စသည့် စာပေယဉ်ကျေးမှုပုံစံတို့ကို ပြောင်းလဲစေလျက်ရှိပါသည်။ ယင်းပြောင်းလဲမှုဂယက်တို့သည် မိမိတို့ စာပေယဉ်ကျေးမှုအပေါ် ကြီးစွာလွှမ်းမိုးနေပါသည်။

**စာပေယဉ်ကျေးမှုလက်ဆင့်ကမ်း**

လူ့အဖွဲ့အစည်းတစ်ခု၏ စာပေယဉ်ကျေးမှုဆိုသည်က ခေတ်အဆက်ဆက် ပြောင်းလဲနေမည်သာ ဖြစ်ပါသည်။ ပြောင်းလဲနေသည့် စာပေများသည် ထိုခေတ်၏ ပုံရိပ်များကို ညွှန်ပြနေကြပါ၏။ ခေတ်တစ်ခေတ်၏ စာပေများကို လေ့လာပါက ထိုခေတ်ရှိ သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် အတွေးအခေါ်များကို တွေ့မြင်နိုင်ပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်၏ စာပေအဆင့်အတန်း မြင့်မားခြင်း၊ ကျဆင်းခြင်းသည် ထိုလူ့အဖွဲ့အစည်း၏ အဆင့်အတန်း မြင့်မားမှု၊ ကျဆင်းမှုတို့နှင့် ဆက်နွယ်နေပါသည်။ သို့ဖြစ်၍ နယ်ချဲ့တို့လက်အောက် ကျရောက်စဉ်ကပင် မြန်မာစာပေအဆင့်အတန်း မနိမ့်ကျ၊ မပျောက်ကွယ်စေရန် ထိန်းသိမ်းခဲ့ကြသဖြင့် မြန်မာစာပေယဉ်ကျေးမှုတို့သည် ယနေ့ထက်တိုင် ခိုင်မာစွာ တည်ရှိနေခြင်းဖြစ်ပါသည်။

ယင်းတည်ရှိမှုကို ဆက်လက်ထိန်းသိမ်း ကာကွယ်ကြရပါဦးမည်။ ထိန်းသိမ်းမှုအားနည်းခြင်း၊ ခေတ်ရေစီးကြောင်းများတိုက်စားခြင်း၊ ပြင်ပယဉ်ကျေးမှုများ လွှမ်းမိုးခြင်း၊ မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းမှု အားနည်းခြင်း၊ မြန်မာစာပေအပေါ် အလေးထားမှု ကျဆင်းခြင်းကဲ့သို့သော ဖြစ်စဉ်များသည် ရေးအစဉ်အဆက် ထိန်းသိမ်းမြှင့်တင်လာခဲ့ကြသည့် မိမိတို့နိုင်ငံ၏ စာပေယဉ်ကျေးမှုတို့ကို တဖြည်းဖြည်း တိုက်စားနေပါသည်။ စာပေပျောက်က လူမျိုးပျောက်မည်ကို သတိပြုဆင်ခြင်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာ့စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် စာပေဝန်းကျင်များ ရှင်သန်ကြီးထွားရန် လိုအပ်ပါသည်။ မျိုးဆက်သစ်လူငယ်တို့ ကျောင်းနေစဉ်အရွယ်ကပင် စာပေမျိုးစေ့ချပေးကြရပါမည်။ မျိုးဆက်အဆင့်ဆင့်က စာပေများကို မြတ်နိုးခြင်း၊ လေ့လာလိုက်စားခြင်း၊ ထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် စာပေ၏ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။ စာပေ၏ အရေးပါမှုကို လူငယ်များအကြား ပိုမိုသိရှိစေခြင်းဖြင့် မိမိတို့ စာပေယဉ်ကျေးမှုကို ပိုမိုထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ စာပေမြင့်မှ လူမျိုးတင့်မည် ဆိုသည့်စကားကဲ့သို့ပင် မြန်မာ့လူ့အဖွဲ့အစည်း၏ အဆင့်အတန်းအား မြှင့်တင်နိုင်ရန် မိမိတို့၏ စာပေယဉ်ကျေးမှုကို လက်ဆင့်ကမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။ ။

**ကိုးကား**

၁။ ဒေါက်တာသန်းထွန်း၊ ရှေးဦးမြန်မာစာပေသမိုင်း၊ ပေဖူးလွှာမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၁၉၈၂။

၂။ ဦးရွှေအောင်၊ စာဖတ်သူများ၊ ၁ စက်တင်ဘာလ ၂၀၀၂

# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နေကြသော တပ်မတော်သားများအတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ဂုဏ်ပြုအလှူငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နေကြသော တပ်မတော်သားများအတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ဂုဏ်ပြုအလှူငွေပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ စားသောက်ရေးအဆင်ပြေစေရန် အတွက် စားသောက်ဖွယ်ရာများနှင့် ခြံထွက်ကြက်ဥများကို ထောက်ပံ့ပေးအပ်ရာ တက်ရောက်လာကြသူများကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။




ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသော တပ်မတော်သားများအတွက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များက စုပေါင်းလှူဒါန်းသည့် ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကိုယ်စား တာဝန်ရှိတစ်ဦးက ဂုဏ်ပြုအလှူငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ တိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်အောင်ခရိုင်အတွင်း ဆောင်းနေကြာ စိုက်ကေပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

မြန်အောင် ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံနေကြာ စိုက်ကေပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နေကြာစိုက်ပျိုးရေးပညာရှင်များ(ရုံးချုပ်)မှ ခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် နေကြာစိုက် တောင်သူများသို့ နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



နည်းပညာပေးဆွေးနွေးပွဲတွင် မြန်အောင်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြန်အောင်မြို့ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် လုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်က နည်းပညာပေး သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)သီးနှံကာကွယ်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မာလာမြင့်က နည်းပညာပေးသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး စိုက်ပျိုးရေးပညာရှင်များက တက်ရောက်လာသော မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ နေကြာစိုက်တောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် နေကြာစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ ဆွေးနွေးကြကာ တောင်သူများ သိရှိလိုသည်များကို စိုက်ပျိုးရေးပညာရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်/ဆက်)



## ဘီးလင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်

ဘီးလင်း ဇန်နဝါရီ ၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘီးလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး နိုင်အောင်ထွန်းက အမှာစကား ပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းလင်းက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်က တူညီဝတ်စုံများကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးထံသို့ လွှဲပြောင်းပေးအပ်သည်။ အဆိုပါအရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ လေးပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၃၅ | ၂၅၀၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၅ | ၂၅၉၀ | ၂၅၆၅ | ၂၆၆၅ | ၂၆၀၀ | ၂၅၇၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၀ | ၂၈၅၀ | ၂၉၀၀ |
| 95 Ron | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၆၉၀ | ၂၆၇၀ | ၂၇၆၅ | ၂၇၈၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၅၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၀ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၃၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၁၄ | ၂၄၉၆ |
| 95 Ron | ၂၅၁၃ | ၂၅၉၇ |
| HSD (500 ppm) | ၂၂၀၇ | ၂၂၈၀ |
| HSD (50 ppm) | ၂၂၈၈ | ၂၃၆၃ |
| HSD (10 ppm) | ၂၂၉၆ | ၂၃၇၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ


## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၈

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပခုက္ကူကုန်စည်ဒိုင်သို့ နှမ်းသီးနှံများဝင်ရောက်၍ ဈေးကောင်းရ



**ပခုက္ကူ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူကုန်စည်ဒိုင်သည် စီးပွားရေးအချက်အချာကျပြီး နယ်ပေါင်းစုံမှ လယ်ယာထွက်ကုန်သီးနှံများ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပခုက္ကူမြို့နယ်အတွင်းရှိ ကံတော်၊ ကံလှ၊ တွင်းမ၊ ဒဟက် ခြောက်၊ အိုးရင့်ခြောက်တောင်း၊ ကျွဲတဲ၊ ပန်းတိုင်းခြုံရွာနှင့် ဂန့်ဂေါခရိုင်တို့တွင် နှမ်းသီးနှံများ ကို သီးထပ်အဖြစ် အဓိက စိုက်ပျိုးကြပြီး ထွက်ရှိသည့် နှမ်းဝါ၊ နှမ်းနီ၊ နှမ်းနက်၊ နှမ်းညို၊ နှမ်းဖြူနှင့် နှမ်းနက် (စမုန်)များ ပခုက္ကူကုန်စည်ဒိုင်သို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဇန်နဝါရီလ ပထမပတ်တွင် ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော နှမ်းအမျိုးအစားများမှာ နှမ်းနက်စမုန် ရှယ်)၊ နှမ်းစမုန် (ရိုးရိုး)၊ နှမ်းနက် (၇၄)၊ နှမ်းဝါ၊ နှမ်းညိုများ ဖြစ်ပြီး ဈေးနှုန်းများ အနေဖြင့် နှမ်းနက်စမုန် (ရှယ်) တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀၊ နှမ်းနက်စမုန် (ရိုးရိုး) တစ်တင်းလျှင် ကျပ် ၉၀၀၀၀ မှ ၁၁၇၀၀၀၊ နှမ်းနက် (၇၄) တစ်တင်းလျှင် ကျပ် ၁၀၂၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၀၈၀၀၀ နှင့် နှမ်းဝါ(ပြင်) တစ်တင်းလျှင် ကျပ် ၉၄၀၀၀ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဇန်နဝါရီလ ပထမပတ်အတွင်း နှမ်းအနေဖြင့် အိတ်ရေ ၄၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ပခုက္ကူကုန်စည်ဒိုင်မှ သိရသည်။



## ကျောက်ဆည်ခရိုင်အတွင်း ပဲကြီးသီးနှံများ စိုက်ပျိုးလျက်ရှိ

**ကျောက်ဆည် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိသည့်အနက် ပဲကြီးသီးနှံကိုလည်း ယာမြေများတွင် အများဆုံးစိုက်ပျိုးလျက်ရှိရာ ခရိုင်အတွင်း ယခုအချိန်အထိ ပဲကြီးစိုက်ဧက ၃၇၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မြို့နယ်အလိုက် ပဲကြီးသီးနှံစိုက်ဧကများအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၃၉ ဧကနှင့် မြစ်သားမြို့နယ်တွင် ဧက ၂၄၀ စိုက်ပျိုးထားရှိကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကျောက်ဆည်မြို့နယ်အတွင်း ပဲကြီးသီးနှံ အများဆုံးစိုက်ပျိုးသော ကျေးရွာများမှာ ရဲကြီး ကျေးရွာ၊ အရှေ့သပြေသာရွာ၊ ဆင်ဖြူကျေးရွာနှင့် မြစ်သားမြို့နယ်တွင် ရိုးကန်ရွာ၊ ရစ်ကန်ရွာနှင့် ညောင်ဝန်းကျေးရွာတို့တွင် အများဆုံးစိုက်ပျိုးကြပြီး အချို့ဒေသများတွင် ပဲကြီးသီးနှံကို ဆောင်းနှမ်းနှင့်ရော၍ သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်း၊ ပဲကြီးစိုက်ပျိုးရာတွင် တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကုန်ကျစရိတ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ ပဲကြီးအစိုသီးနှံကို ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ရိတ်သိမ်းနိုင်မည်ဖြစ်ပြီး ပဲကြီးအခြောက်သီးနှံကို ဧပြီလတွင် ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း၊ ပဲကြီးသီးနှံထွက်ပေါ်ချိန်တွင် ဈေးနှုန်းများကောင်းမွန်ပါက တောင်သူများအကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**ကော့သောင်း ဇန်နဝါရီ ၈**

ကော့သောင်းကုန်သွယ်ရေးစခန်းအနေဖြင့် ဇန်နဝါရီ ၃ ရက်မှ ၇ ရက်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅၂ သန်းနှင့် သွင်းကုန်တန်ဖိုး မေရိကန်ဒေါ်လာ ၁ ဒသမ ၅၂၇ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပမာဏ ဒေါ်လာ ၅ ဒသမ ၉၇၉ သန်းဖြစ်သည်။

အများဆုံးတင်ပို့သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်း ၂၁၈ တန် (တန်ဖိုးအမေရိကန် ဒေါ်လာ ၂၀၀၀၀)၊ ဆီအုန်းစွန့်ပစ်ရည် ၂၉ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၀၀ ဒသမ ၀၀ ၊ ငါးခွေးလျှာ ၁၆ ဒသမ ၉၄၀ တန် (တန်ဖိုးအမေရိကန်ဒေါ်လာ ၁၈၉၇၂ ဒသမ ၈၀ ဒေါ်လာ) ပလာလန်းငါး (၁၁၈ ဒသမ ၄၈၀) တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၄၀၂၄ ဒေါ်လာ)၊ ငါးဝိုင်း ၂၅ ဒသမ ၆၀၀ တန် (တန်ဖိုး အမေရိကန် ဒေါ်လာ ၂၂၅၂၈ ဒေါ်လာ)၊ စက်ကလပ်ငါး ၁၀ဒသမ၅၂၀ တန် (တန်ဖိုးအမေရိကန် ဒေါ်လာ ၁၃၀၄၄ ဒသမ ၈၀ ဒေါ်လာ)၊ ပလာတူးငါး ၂၆ ဒသမ ၄၀၀ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၈၇၂ ဒေါ်လာ)၊ ဘေးဝါငါး ၅၃ဒသမ ၂၁၀ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၄၂၀၃၅ ဒသမ ၉၀ ဒေါ်လာ)၊ ငါးပါကင် ၁၆၇ ဒသမ ၇၄၈ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၅၆၈ ၁ဒသမ၂၄ ဒေါ်လာ ) နှင့် ကင်းမွန် ၃၄ ဒသမ ၄၉၅ တန် (တန်ဖိုးအမေရိကန်ဒေါ်လာ ၈၄၈၅၇ ဒသမ ၇၀ ဒေါ်လာ) တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ်ဆီ တန် ၁၂၀၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉၈၇၀၀၀၊ ဓာတ်ဆီ ၁၅၀ တန်(တန်ဖိုးအမေရိကန်ဒေါ်လာ ၁၃၂၀၀၀)၊ ကြွေပြားအရေအတွက် ၁၈၀၆၇ စတုရန်းမီတာ (တန်ဖိုးအမေရိကန်ဒေါ်လာ ၄၄၀၀၀)၊ ဓာတုဗေဒပစ္စည်းများ ၁၂၇ တန် (တန်ဖိုး အမေရိကန် ဒေါ်လာ ၅၅၀၀၀)၊ ဖိနပ်အရေအတွက် ၁၈၀၀၀၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၀၀၀)၊ ကားတာယာအရေအတွက် ၁၉၅၅ လုံး(တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၀၀၀)၊ စက်နှင့် စက်ပစ္စည်းအရေအတွက် ၁၀၄ ခု(တန်ဖိုးအမေရိကန်ဒေါ်လာ ၂၅၀၀၀)နှင့် ပလတ်စတစ်ရေခဲပုံး ၁၄ တန်(တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၀၀၀)တို့ဖြစ်သည်။

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**လွယ်ဂျယ် ဇန်နဝါရီ ၈**

လွယ်ဂျယ်ကုန်သွယ်ရေးစခန်း အနေဖြင့် ဇန်နဝါရီ ၃ ရက်မှ ၇ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ဆန်ကွဲ ၁၆၂ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၇၁ သန်း)၊ တစ်သျှူး ၄က်ပျော ၂၉၁၂ တန် (တန်ဖိုး ဒေါ်လာ ၁ ဒသမ ၀၆၁ သန်း)၊ ဖရဲသီး ၂၀၇၉ ဒသမ ၅၀ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၃၀၀ သန်း)၊ သခွားမွှေး ၅၇၆ ဒသမ ၁၄၄ တန်(တန်ဖိုး ဒေါ်လာ သုည ဒသမ ၁၂၁ သန်း)၊ ကြံ ၇၃၅တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၂၉ သန်း)၊ ရှောက်ကောသီး ၁၂ ဒသမ ၉၅၀ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၁၁ သန်း)၊ ပဲယင်း ၁၃၅တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၉၇ သန်း)၊ ပဲတီ စိမ်း ၁၂၆ ဒသမ ၁၅၀ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၇၇ သန်း)၊ စွန်တာနီ ၂၅တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၁၅ သန်း)၊ သီဟိုဠ်စေ့ ၄၇ ဒသမ ၂၀ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၂၃၆ သန်း)၊ မြေပဲဆန် ၆၆ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၇၃ သန်း)၊ နှမ်း ၆၄ ဒသမ ၄၉၉ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၈၉ သန်း၊ ကြက်သွန်နီ ၈၄ ဒသမ ၀၀ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၃၉ သန်း)၊ ရေတ်ဆော့ရှစ်တန်(တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၁၀ သန်း)၊ စက္ကူကြမ်း ၁၄ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၀၄ သန်း)နှင့် ကော်ဖီမစ် ၁၇ တန် (တန်ဖိုးဒေါ်လာ သုည ဒသမ ၀၁၇ သန်း) တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပိုင်းတွင် ဆေးဝါးပစ္စည်း ၃၃၇၈၁၀ (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၄၈ သန်း)၊ စက္ကူလိပ် ၁၉ ဒသမ ၅၀ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၀၇ သန်း)၊ ကော်စေ့ ၃၃ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၃၆ သန်း)၊ ဂျပ်ဖာ ၁၂၈ ဒသမ ၈ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၄၉ သန်း)၊ ထွန်စက်ငါးစီး (တန်ဖိုးဒေါ်လာ သုည ဒသမ ၀၄၅ သန်း)၊ ပီနံအိတ် ၅၂ ဒသမ ၅၀ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၄၂ သန်း)၊ ဓာတ်ဘူး အလုံး ၁၄၃၀၀ (တန်ဖိုး အလုံး သုည ဒသမ ၀၁၀ သန်း)၊ စောင် ၉၆ ဒသမ ၅၀ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၅၃ သန်း)၊ ပန်ကာ/Air Con ၇၃၂ ခု (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၀၉ သန်း)၊ မင်ရည် ၃၃ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၃၃ သန်း)၊ သံပိုက်/သံချောင်း ၈၇ တန်(တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၆၀ သန်း၊ ပလတ်စတစ်လိပ် ၁၇ ဒသမ ၅၀ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၁၆ သန်း)၊ ကုန်စုံ ၄၉၇ ဒသမ ၇၀ တန်နှင့် အခြား (တန်ဖိုး ဒေါ်လာ သုည ဒသမ ၅၈၂ သန်း)တင်သွင်းနိုင်ခဲ့သည်။

# ဈေးကောင်းရရှိနေသော ထိုင်ဝမ်ဆီးသီး

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင် အတွင်းရှိ စဉ့်ကိုင်မြို့နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား လုပ်ကိုင်ကြသော်လည်း ဒေသခံတောင်သူများအနေဖြင့် နှစ်ရှည်သီးနှံဖြစ်သော ဆီးပင်များကို ယာမြေနှင့် ဥယျာဉ်ခြံမြေများတွင် အများအပြားစိုက်ပျိုးလာကြကြောင်း၊ ဆီးပင်စိုက်ပျိုးရာတွင် ကိုင်းကူးပျိုးပင်များကိုသာ အများဆုံးစိုက်ပျိုးကြပြီး အလုံးကြီးပြီး အရည်အသွေးကောင်းမွန်၍ အရသာရှိသော ထိုင်ဝမ် ဆီးသီးမျိုးများကိုသာ အများဆုံး စိုက်ပျိုးလာကြကြောင်း၊ ဆီးပင်စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင် ၁၅ ပေခြား စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပျိုးပင် ၁၀၀ စိုက်ပျိုးရ၍ စတင်စိုက်ပျိုးသည့် အချိန်မှစ၍ ၂-၃ နှစ်ခန့်အကြာတွင် ဆီးသီးများ စတင်ခူးဆွတ်ရသည်။

ထိုင်ဝမ် ဆီးသီးများသည် နိုဝင်ဘာလတွင် စတင်ထွက်ရှိ၍ ဈေးကောင်းရရှိပြီး ယခုအချိန်တွင် လှိုင်လှိုင် ထွက်ပေါ်နေပြီဖြစ်ရာ ဈေးနှုန်းများအနေဖြင့် လက်ကားဈေး ဆီးသီး ၁၀ ပြည်ပါ တစ်ဖာလျှင် အလုံးအကြီးအသေးပေါ်မူတည်၍ ငွေကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေး တစ်ပြည်လျှင် အလုံးကြီး ကျပ် ၂၀၀၀၊ အလုံးသေး ကျပ် ၁၅၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိသည်။ တစ်ပတ်အတွင်း ဆီးသီးခူးဆွတ်မှု အနေဖြင့် ၁၀ ပြည်ပါ ၂၅ မှ ၃၀ ဖာ ရရှိပြီး ယိုစုံလုပ်ငန်းရှင်များကလည်း ဆီးခြံအထိ လာရောက်၍ ဝယ်ယူလျက်ရှိကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းမွန်သောကြောင့် ထိုင်ဝမ်ဆီးသီးများမှာ အရည်အသွေးကောင်းမွန်၍ အလုံးကြီးပြီး အထွက်နှုန်း ကောင်းမွန်သည့်အပြင် အရောင်းအဝယ်သွက်၍ ဈေးကောင်း ရရှိသည့်အတွက် အထွက်နှုန်းနှင့် ဈေးနှုန်းအပေါ်မူတည်ပြီး အကျိုးအမြတ်များ ရရှိကြောင်း ဆီးသီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



## မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မော်တောင် ဇန်နဝါရီ ၈**

မော်တောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက်မှ ၇ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀၇၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၆၃ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၃၃၈ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၃ ရက်မှ ၇ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၁၃၁ တန်၊ ချင်းခရုအရှင် ၈ ဒသမ ၄ တန်၊ ရွှံ့ကဏန်း အရှင် ၅ ဒသမ ၄ တန်၊ ကဏန်းအသေ သုည ဒသမ ၅ တန်၊ ရေခူဆားနယ် တစ်တန်၊ ရေချိုပုစွန်သုည ဒသမ ၁ တန်၊ ကျောက်ပုစွန်အရှင် ၁ ဒသမ ၀၄ တန်၊ ပုစွန်ငါးပိ ၅ ဒသမ ၂ တန်၊ ငှက်ပျောသီး တန် ၁၀၀ ၊ ရေတ်သီးစိမ်း ၁၂၉ ဒသမ ၀၇၇ တန်၊ ကြက်သွန်နီ ၆၈ တန်၊ ခရီဖက် ၁၂ တန် တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး ၈၉ ဒသမ ၅ တန်၊ ငါးသေတ္တာဘူးခွံ ငါးတန်နှင့် ကြွေပြား ၈၀၀ စတုရန်းမီတာ (တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း) ဖြစ်သည်။

# မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ ကျင်းပမည်




**ရန်ကုန် ဇန်နဝါရီ ၈**

(၃၂)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော်အထိမ်းအမှတ် မြန်မာ-ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ကရင်ပြည်နယ် မြိုင်ကြီးငူတွင် သုံးရက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ယှဉ်ပြိုင်ထိုးသတ်မည်**

အဆိုပါပြိုင်ပွဲ၌ ဇန်နဝါရီ ၉ ရက်တွင် မင်းကျော်ဇ(မြန်မာ)နှင့် ဖက်စွန်မိုင်(ထိုင်း)၊ ဇွဲရာမာန်(မြန်မာ)နှင့် ငေါင်ပီဇာ(ထိုင်း)တို့အပြင် ပြည်တွင်းပွဲလေးပွဲဖြင့် လည်းကောင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် စောဂျွန်(မြန်မာ)နှင့် စင်တိုးထောင်း(ထိုင်း)၊ စူပါရေချမ်း(မြန်မာ)နှင့် ဖာနိမိ(ထိုင်း)၊ သွေးသစ်မောင်(မြန်မာ)နှင့် ဒေဝတ်(ထိုင်း)တို့အပြင် ပြည်တွင်းပွဲလေးပွဲဖြင့် လည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် သက်ဝင်းအောင်(မြန်မာ)နှင့် လုတဝိုင်း(ထိုင်း)၊ အဲမ္ဗီ(မြန်မာ)နှင့် ပယ်ဆဲလ်(ထိုင်း)၊ အောင်ခိုင်(မြန်မာ)နှင့် ခဝန်အေ(ထိုင်း)တို့အပြင် ပြည်တွင်းပွဲငါးပွဲ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲများကို 360 Sports Facebook နှင့် YouTube channel မှ မွန်းလွဲ ၁ နာရီမှစ၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ ပညာရေး စုံညီပွဲတော် အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက အင်းစိန်မြို့နယ်ရှိ အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ မိဘဆရာအသင်းနာယက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဘိုကြည်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမွန်က ကျောင်းသား ကျောင်းသူများ ဗလငါးတန် ပြည့်စုံရေး၊ ကျောင်းသားအဓိဋ္ဌာန်လေးချက်နှင့်အညီ ဘက်စုံထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများဖြစ်အောင် ကြိုးစားသွားကြရန်နှင့် မိဘ၊ ဆရာ၊ ကျောင်းသား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ကြမှသာ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များ အောင်မြင်ပြီး ကျောင်းဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်/ခရိုင် ဘက်စုံဖွံ့ဖြိုးရေး ထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများ၊ ခွင့်ရက်မပျက် စာသင်ကြားပေးသူ ဆရာ ဆရာမများ၊ ဘာသာစုံသင်ကြားမှု ထူးချွန်သူများနှင့် အလှူရှင်များအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ရန်ကုန်တိုင်းရင်းသားကျေးရွာ၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

၂၇၆၃ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။




ကရင်နှစ်သစ်ကူးပွဲတွင် ကရင်ရိုးရာလက်ဝှေ့သမားလေးများ ယှဉ်ပြိုင်ကစားနိုင်ရန် ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိကလပ်နှင့် GYM အသီးသီးမှ လက်ဝှေ့သမားလေးများ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး တွဲဆိုင်း ၁၀ ဆိုင်းကျော် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ဦးချစ်ကိုကိုက ပြောသည်။

အဆိုပါ ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် အထူးစိန်ခေါ်ပွဲများနှင့် မျိုးဆက်သစ်စိန်ခေါ်ပွဲများ၊ ဝါသနာရှင်စိန်ခေါ်ပွဲများ ပါဝင်ပြီး ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် တွဲဆိုင်းများတွဲပေးမည်ဖြစ်ကာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**လင်းရာမ**

# ဘိုကလေးမြို့နယ်၌ ဆောင်ရွက်လျက်ရှိသော အခြေခံစာတတ်မြောက်ရေး လုပ်ငန်းစဉ်များအား တာဝန်ရှိသူများ ကြည့်ရှုအားပေး

**ဘိုကလေး ဇန်နဝါရီ ၈**

ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းအဖြစ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှစတင်၍ အခြေခံပညာ ဆရာ ဆရာမများ၊ လုပ်အားပေး စေတနာ့ဝန်ထမ်း ဆရာ ဆရာမများက မြို့နယ်အတွင်းရှိ စာမတတ်သူ ပြည်သူများအား စာဖတ်ဝိုင်း ၆၅ ဝိုင်း ဖွင့်လှစ်ပြီး အခြေခံစာရေး၊ စာဖတ်နိုင်ရေး သင်ကြားပို့ချလျက်ရှိရာ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီခွဲ၌ မြို့နယ်အတွင်းရှိ စာဖတ်ဝိုင်းများအား တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။



ကြည့်ရှုအားပေးရာတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းနှင့်အတူ ဘိုကလေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးထိန်လင်းတို့သည် ဘိုကလေးမြို့နယ် အမှတ်(၆) ရပ်ကွက် စာဖတ်ဝိုင်း၊ အမှတ်(၁၀) ရပ်ကွက်အတွင်းမှ စာဖတ်ဝိုင်းနှစ်ဝိုင်း၊ ဘုရားချောင်းကျေးရွာအုပ်စုမှ စာဖတ်ဝိုင်း နှစ်ဝိုင်းတို့သို့ သွားရောက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက အခြေခံ စာတတ်မြောက်ရေးအတွက် လာရောက်သင်ယူကြသော မိဘပြည်သူများအနေဖြင့် ယခုသင်ကြားပို့ချသည့် သင်ခန်းစာများသည် မိမိတို့ လက်တွေ့ဘဝ ကျင်လည်ရာတွင် အမှန်တကယ် အသုံးချနိုင်ရန်အတွက် “ပညာလို အိုသည်မရှိ”ဟူသည့် စကားနှင့်အညီ ကြိုးစားသင်ယူကြရန်လိုအပ်ကြောင်း အားပေးစကားပြောကြားသည်။ ထို့နောက် စာဖတ်ဝိုင်းများတွင် လာရောက်လေ့လာသင်ကြားသည့် ပြည်သူများအား စားသောက်ဖွယ်ရာများ ဒါနပြု လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# လာမည့်ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းအရေအတွက်တိုးလာစေရန် ကြိုးပမ်း

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာနေရှင်နယ်လိဂ်က စီစဉ်ကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက် တိုးလာစေရန် ကြိုးပမ်းလျက်ရှိသည်။

**သုံးကျော့ကျင်းပမည်**

မြန်မာနေရှင်နယ်လိဂ်၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို မတ်လမှ အောက်တိုဘာလအထိ ကျင်းပမည်ဖြစ်ပြီး ကလပ်အသင်း ခြောက်သင်းမှ ရှစ်သင်းဖြင့် ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက် နည်းပါးနေသေးသဖြင့် ကစားသမားများ ပွဲများများကစားရစေရန် ယခင်ကျင်းပနေသည့် နှစ်ကျော့အစား သုံးကျော့ ကျင်းပမည်ဖြစ်သည်။ နောက်ဆုံးကျင်းပသည့် ၂၀၂၃ ရာသီတွင် ပြိုင်ပွဲဝင်အသင်း ခြောက်သင်းသာ ရှိခဲ့သဖြင့် အသင်းအရေအတွက် တိုးလာစေရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် အသင်းသစ်များ ထပ်တိုးလာစေရန် ဌာနဆိုင်ရာ ကျောထောက်နောက်ခံအသင်းများ၊ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများမှ အမျိုးသမီး ကလပ်အသင်းများ ယှဉ်ပြိုင်လာရန် စည်းရုံးဆောင်ရွက်လျက်ရှိသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး မြဝတီအသင်းက သုံးကြိမ်၊ အား/ကာသိပ္ပံအသင်းက နှစ်ကြိမ် ဖိုလ်စွဲထားသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MWL**






■ မြန်မာ MMA မှ

ဖိလစ်ပီဘူနက်စ်သည် MMA ပွဲ စုစုပေါင်း ပွဲ ၂၀ နီးပါး ထိုးသတ်ထားသူဖြစ်ပြီး ၁၃ ပွဲနိုင်၊ ခြောက်ပွဲရှုံးနိမ့်ထားသည်။ ဂျိုရှုအာဗန်သည် UFC နှင့် လက်တွဲအပြီး နှစ်ပွဲစလုံး အနိုင်ရထားရာ စိန်ခေါ်ပွဲများတွင် နိုင်ပွဲများ ဆက်တိုက်ရယူနိုင်ပါက ၎င်းထိုးသတ်နေသည့် ဖလိုင်းဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံဆု စိန်ခေါ်နိုင်သည့် အခွင့်အရေးရလာဖွယ်ရှိနေသည်။

ဂျိုရှုအာဗန်သည် UFC နှင့် လက်တွဲပြီး ပထမဆုံးပွဲအဖြစ် ကာဇက်စတန်နိုင်ငံသား ရှူမာဂူလေဘ့ဗ်နှင့် ထိုးသတ်ရာ အမှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲအဖြစ် ပီရူးနိုင်ငံသား ကီဗင်ဘိုးဟို့စ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ အမှတ်ဖြင့်လည်းကောင်း အနိုင်ရခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ပရော်ဖက်ရှင်နယ် ကစားသမားအဖြစ် ရပ်တည်လာသည့် ဂျိုရှုအာဗန်သည် ၁၀ ပွဲထိုးသတ်ရာတွင် ကိုးပွဲအထိ အနိုင်ရထားသည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-ဂျိုရှုအာဗန် Facebook

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/ညောင်ပင်ကြီးစု၊ မြေဧရိယာ(၀.၀၈၂)ရှိ မြေကွက်အမှတ်(ပ-၂၃၃A)ကို အမည်ပေါက် ဒေါ်ဖူးသန္တာလှိုင် (ဘ)ဦးဝင်းလွင် မှတ်ပုံတင်အမှတ်[၁/တနန(နိုင်)၀၁၀၀၁၆]မှ ဒေါ်ထက်ထက်အောင် (ဘ)ဦးခင်မောင်သန်း မှတ်ပုံတင်အမှတ်[၈/စလန(နိုင်)၀၇၁၀၁၅]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ -စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏-ကိုယ်စားလှယ်လွှဲစာအမှတ်-/-(-) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ( ၁၅ )ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက် (သကမ-၁၆)**
**(၁၈)ရပ်ကွက် ၊ရွှေရင်အေးဘုရားလမ်း၊ မြေကွက်အမှတ် (၂၈၅/ခ)**
**ပါမစ်မြေကွက်နှင့်ပတ်သက်၍အများသိစေရန်ကြော်ငြာ**

အဆိုပါမြေကွက်မှာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့မြေစာရင်းတွင် ဦးသိန်းလွင်(H/RGN-၀၀၃၂၅၈)အမည်ပေါက်ဖြစ်ပြီးဦးသိန်းလွင်ထံမှအဆင့်ဆင့်စာချုပ်များဖြင့်ဝယ်ယူထားသောဒေါ်ဇင်မျိုးသက်(၁၂/မရက(နိုင်)၁၂၄၆၅၉)ထံမှ ဦးကျော်လင်းသူ (၁၄/ဒဒရ(နိုင်)၁၆၃၄၈၆) ကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးအောင်မြင့်သိန်း(မော်ကျွန်း)
အထက်တန်းရှေ့နေ(စဉ်၆၄၃၇/၁၉၈၀)
အမှတ်-၉၅၈၊ဗိုလ်အောင်ကျော်လမ်း၊(၇)ရပ်ကွက်၊
လှိုင်သာယာမြို့နယ်။ဖုန်း၀၉၇၈၇၂၁၇၈၄၄၊၀၉၄၂၀၀၉၅၈၄၄

## ပတ်စ်ပို့ပျောက်

ကျွန်မ မမာလီရဲ့ [၁/ပတအ(နိုင်)၀၆၄၃၉၈]၏ ပတ်စ်ပို့နံပါတ် (MF-917601) မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၉၅၆၁၅**

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း
၏

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး
## ထားဝယ်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်မည့် ဓာတ်အားလိုင်း/ထရန်စဖော်မာ တိုးချဲ့တည်ဆောက် ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | ၉ -၁-၂၀၂၄)ရက်မှ (၂၂ -၁-၂၀၂၄)ရက်ထိ |
| (ခ) | တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန် - | (၂၂-၁-၂၀၂၄)ရက်၊ ညနေ (၄:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာဝယ်ယူ/တင်သွင်းရမည့်နေရာ - | တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့။ |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသည်များအား 'ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လည်းကောင်း တိုက်ရိုက်စုံစမ်း မေးမြန်းနိုင်ပါသည် -

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**
**ထားဝယ်မြို့**
**Ph:09-43007840, 09-251001690,**
**09-425317242, 059-23495**

## ပျောက်ဆုံးကြောင်း

ကျွန်တော် သိန်းစိုးဦး (MD O76618) ပတ်စ်ပို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက ဆက်သွယ်ရန်။

**ဖုန်း-09-797504574**

## ပျောက်ဆုံးကြောင်း

ဦးကျော်ကျော်အောင် C.D.C-77767 ၏ Certificate ATP/SSA-ATP/DSD သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၂၇၇၀၈**
**၀၉-၉၇၀၀၆၉၇၈၆**

## ကန့်ကွက်နိုင်ကြောင်း

တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီတွင် မုဒိတာ အိမ်ရာ-၁၊ အခန်းအမှတ်- B-514 အား ဒေါ်မိုမိုဝင်းထံမှ ဦးအောင်ကျော်မိုးမှ 28-8-2014 ရက်နေ့တွင် ဝယ်ယူထားပါသည်။ ကျွန်ုပ်၏ လက်ထဲတွင် ပိုင်ဆိုင်မှု စာရွက်စာတမ်းများမှ စည်းကမ်းနှင့် တာဝန်ဝတ္တရားစာအုပ်ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုလျှင် တော်ဝင်မိသားစုဆောက်လုပ်ရေး ကုမ္ပဏီထံတွင် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်ကျော်မိုး[၈/ပခက(နိုင်)၀၆၁၈၅၂]**
**Ph:09-765083934**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄၆၊ မြေကွက်အမှတ်- ၁၁၁၈ ဟုခေါ်တွင်သော မြေကွက်အား ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄၆၊ မြေကွက်အမှတ်- ၁၁၁၈၊ အလျား-၄၀ ပေ x အနံ ၆၀ပေ အကျယ်ရှိ ဦးခင်ရွှေ အမည်ပေါက် ပါမစ်မြေ အမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါမေမောင် [၉/ကပတ (နိုင်)၂၃၁၃၅၃]မှ ( ၂၆-၉-၂၀၁၁ )ရက်နေ့ကတည်းက လက်ရောက်ဝယ်ယူခဲ့ကာ တရားဝင်လက်ရှိပိုင်ဆိုင်ထားသည့် မြေကွက်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဇော် (တရားလွှတ်တော်ရှေ့နေ) စဉ်- ၁၇၀၁၈**
**တိုက်အမှတ်- ၂၁၄၊ Min Ye Kyaw Swar Residence,**
**အခန်း- ၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ သာကေတ(၅)ရပ်ကွက်၊ သိင်္ဂီ(၂)လမ်းမြောက်၊ အိမ်အမှတ်-၇၅(က)နေ ဒေါ်အိအိဖြိုး(ဘ)ဦးအောင်ဝေ [ ၆/ကစန(နိုင်)၀၅၄၀၇၀]သည် မိခင်ဖြစ်သူ ကျွန်မအပေါ် ကိုယ်ထိလက်ရောက်စော်ကားခြင်း၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်စေရန် အမျိုးမျိုးစော်ကားပြောဆိုခြင်း၊ သားသမီးဝတ္တရား ကျေပွန်မှုမရှိသည့်အပြင် ကျွန်မ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကို ကျူးလွန်ခဲ့ပါသဖြင့် ဒေါ်အိအိဖြိုးအား ဤကြေညာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ အပြီးအပြတ် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ၏အမည်အား အသုံးပြုပြီး ဒေါ်အိအိဖြိုးမှ ဆောင်ရွက်လာပါက ကျွန်မနှင့်သက်ဆိုင်ခြင်း လုံးဝမရှိပါသဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်စောဝင်း[၆/ကစန(နိုင်)၀၀၄၀၇၆]**

## ဒေါ်စိန်စိန်၏ လွှဲအပ်ညွှန်ကြားချက်များမှာ မှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းလင်း ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်မြင့်ဦး[၇/ပတတ(နိုင်)၀၈၁၇၇၉]၊ အမှတ်(၆၄၂/ခ)၊ စစ်ကိုင်း(၂၉)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စိန်စိန်မှ (၃၁-၁၂- ၂၀၂၃)ရက် ထည့်သွင်း ကြေညာခဲ့သည့် ကြေးမုံသတင်းစာပါ အချက်အလက်များမှာ လုံးဝမှန်ကန်မှုမရှိပါ။ ဒေါ်စိန်စိန်မှ ၎င်းဝယ်ယူပိုင်ဆိုင်ခဲ့သော အိမ်ခြံမြေနှင့်ကားဖြစ်ပါသည် ဟူသော ကြေညာချက်မှာလည်း လုံး၀ မှန်ကန်မှုမရှိပါ။ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်မြင့်ဦးမှာ ဒေါ်သီရိစံနှင့် အိမ်ထောင်ကျပြီး ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်း(၂၉)လမ်း၊ အမှတ်(၆၄၂/ခ)ရှိ အိမ်ခြံမြေအား ကျွန်ုပ်မိတ်ဆွေမှ ၎င်းအမည်ဖြင့် ဝယ်ယူပြီး လင်မယား (၂)ဦး အတူတကွ နေထိုင်ခြင်း ဖြစ်ပါသည်။

ထိုအချိန်တွင် ဒေါ်စိန်စိန်မှာ ကချင်ပြည်နယ်တွင် နေထိုင်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေမှာ ၎င်းငွေကြေးဖြင့် လိုင်းကားလုပ်ငန်းကို လုပ်ကိုင်သူတစ်ဦးဖြစ်ပြီး ၎င်းရရှိသည့်ငွေကြေးဖြင့် အိမ်ခြံမြေနှင့် ကားအား ဝယ်ယူခြင်းဖြစ်ပါသည်။

ဒေါ်သီရိစံ ကျန်းမာရေး မကောင်းသဖြင့် ဆေးဝါးကုသရာတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်ဆေးရုံအထိ သွားရောက်ဆေးကုသရခြင်းဖြစ်ပြီး ဆေးကုသစရိတ်ငွေကြေးများ အခြားသူထံမှ ချေးငှားခဲ့ရ၍ ငွေကြေးများကို ပြန်လည်ပေးဆပ်ရန်အတွက် ဦးမျိုးဝင်းထံတွင် ကျွန်ုပ်မိတ်ဆွေပိုင် လှိုင်သာယာမြို့နယ်ရှိ နေအိမ်အား သိန်း(၁၅၀၀)ကျပ်နှင့်ပေါင်နှံခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေမှာ ၎င်းနေအိမ်တွင် ထားရှိသည့် ၎င်းပိုင်ဆိုင်သော

(၁) အိမ်အမှတ်(၆၄၂/ခ)၊ စစ်ကိုင်း(၂၉)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (အလျားxအနံ) (၂၀x၆၀)ပေ ပေါ်ရှိ ၂ ထပ်တိုက်နှင့် ထိုအိမ်ခြံမြေနှင့်ပတ်သက်ဆက်နွယ်သော ဦးစန်းမောင် အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်းနှင့် ဆက်စပ်စာချုပ်စာတမ်းများ။

(၂) အိမ်အမှတ်(၉၆၅+၉၆၈)၊ မြရိပ်ညို(၂)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဧရိယာ (၀. ၀၆၅)ကေပေါ်ရှိ အဆောက်အဦနှင့် ဦးဇော်မြင့်ဦး အမည်ပေါက် စာချုပ်နှင့်ဆက်စပ်စာချုပ်စာတမ်းများ။

(၃) အိမ်အမှတ်(၃၃/က)၊ သမာဓိ (၄)လမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဧရိယာ (၀. ၀၁၄)ကေပေါ်ရှိ အဆောက်အဦနှင့် ဦးဝူချုံမုန်း အမည်ပေါက်စာချုပ်နှင့် ဆက်စပ်စာချုပ်စာတမ်းများ။

(၄) တိုယိုတာ Fielderအမျိုးအစား၊ ယာဉ်အမှတ် (FF/7399)၊ မီးခိုးရောင်၊ ၂၀၀၃ မော်ဒယ်ယာဉ်နှင့် ပတ်သက်ဆက်နွယ်သည့် ဦးဇော်မြင့်ဦး အမည်ပေါက်စာအုပ် စာချုပ်နှင့် ဆက်စပ်စာချုပ်စာတမ်းများတို့အား ကိုနေနိုင်၊ မမေစံပယ်မိုးတို့မှ ယူဆောင်သွားသဖြင့် တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရှေ့တွင် ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဖြေရှင်းခဲ့သော်လည်း ကိုနေနိုင်၊ မစံပယ်မိုးတို့မှ အထက်ဖော်ပြပါ စာချုပ်စာတမ်းနှင့် စာရွက်စာတမ်းများအား ပြန်လည်ပေးအပ်ခြင်းမရှိသဖြင့် တောင်ဥက္ကလာပမြို့မရဲစခန်း ပ နံပါတ် (၂၀၇/၂၀၂၃)ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်မိတ်ဆွေမှ ၎င်းဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါ အိမ်ခြံမြေ ပစ္စည်းများမှာ လင်မယား ၂ဦးမှ ငွေကြေးဖြင့်ဝယ်ယူခြင်းဖြစ်ပြီး ယခင်က ဒေါ်စိန်စိန်မှာ တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်ခြင်း မရှိဘဲ ကချင်ပြည်နယ်တွင်သာ နေထိုင်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ကိုဇော်မြင့်ဦး အနေဖြင့် မည်သူတစ်ဦး တစ်ယောက်ထံမှ ငွေကြေးတောင်းခံပြီး အိမ်ခြံမြေနှင့်ကားများကို ဝယ်ယူခဲ့ခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေပိုင် အိမ်ခြံမြေ၊ ကားနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများနှင့် ဆက်စပ်စာချုပ်များကို ကိုနေနိုင်နှင့် မမေစံပယ်မိုးတို့မှ ယူဆောင်ပြီး ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ဒေါ်စိန်စိန်မှ လက်ခံရယူထားခြင်းဖြစ်ကြောင်း (၃၁-၁၂-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာအရ ထင်ရှားပါသည်။ ကျွန်ုပ်မိတ်ဆွေပိုင် အိမ်ခြံမြေ၊ ကားနှင့်ပတ်သက်သည့်စာချုပ်စာတမ်းများ၊ ဆက်စပ်စာချုပ်များနှင့် ကားစာအုပ်များကို ပြန်လည်ပေးအပ်ခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါပစ္စည်းများမှာ ဦးဇော်မြင့်ဦးနှင့် ဇနီးဖြစ်သူ ဒေါ်သီရိစံတို့ လင်မယား (၂)ဦး ပိုင်ဆိုင်ခြင်းဖြစ်ပြီး ဇနီးဖြစ်သူသေဆုံးပါက ခင်ပွန်းဖြစ်သူမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရပင် ပိုင်ဆိုင်ခြင်းဖြစ်ပြီး သေဆုံးသူ ကျန်ရစ်သည့်ပစ္စည်းအား မိခင်ဖြစ်သူ ဒေါ်စိန်စိန်နှင့် လုံး၀ ပိုင်ဆိုင်ခြင်း၊ သက်ဆိုင်ခြင်းမရှိဘဲ ဦးဇော်မြင့်ဦးမှသာ လက်ဝယ်ပိုင်ဆိုင်ခြင်းဖြစ်ပါသည်။

ဦးဇော်မြင့်ဦးမှ ဝယ်ယူပိုင်ဆိုင်သော အထက်ဖော်ပြပါ အမှတ်စဉ် (၁) မှ (၄)ထိ ပတ်သက်ဆက်နွယ်သော စာချုပ်စာတမ်းများမှာ ဦးဇော်မြင့်ဦး ပိုင်ဆိုင်သော စာချုပ်စာတမ်းများဖြစ်၍ ပြန်လည်ပေးအပ်ခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါ်စိန်စိန်နှင့် အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။ ယခုကြေညာပြီးသည့်အချိန်မှစ၍ နောက်နောင် မည်သည့်သတင်းစာတွင်လည်းကောင်း၊ အကြောင်းကြားစာ၌လည်းကောင်း ပြန်လည်ရှင်းလင်းကြေညာမည်မဟုတ်ကြောင်း ဒေါ်စိန်စိန်နှင့် အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဇော်မြင့်ဦး** | **ဒေါ်ဥမ္မာအောင် (ကနောင်)** |
| **[၇/ပတတ(နိုင်)၀၈၁၇၇၉]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၅၁)** |
| | **အမှတ်(၈၄-က)၊ တကောင်း(၅)လမ်း၊** |
| | **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** |
| | **ဖုန်း-၀၉-၂၅၆၂၉၆၉၅၉** |
| | **ဒေါ်ဇင်မာဦး** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၇၀)** |

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ လွတ်လပ်ရေးနေ့တွင် **"သုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသော ချစ်သမီးလေး **ဒေါက်တာအိမွန်မွန်(ခ) ဂျူဂျူး** CEO ချမ်းမြေ့မေတ္တာအထူးကုဆေးရုံ(သန်လျင်)အား ဒယ်ဒီ နှင့် မာမီ မှဝမ်းမြောက်စွာဖြင့်အထူးပင်ဂုဏ်ယူပါသည်။

**ချစ်ဒယ်ဒီနှင့်မာမီ**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ လွတ်လပ်ရေးနေ့တွင် **"သုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသော **ဒေါက်တာအိမွန်မွန် (ခ) ဂျူဂျူး** CEO ချမ်းမြေ့မေတ္တာ အထူးကုဆေးရုံ(သန်လျင်)အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဇော်ထက်ပိုင်ဆောက်လုပ်ရေးကုမ္ပဏီဝန်ထမ်းမိသားစု**

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၄-၁-၂၀၂၄ ရက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၄ ဖြင့် ရွှေတိဂုံ စေတီတော်ဂေါပက အဖွဲ့ဝင်(ဟောင်း)များဖြစ်သော **ဦးဝင်းတည်နှင့် ဒေါက်တာထွန်းထွန်းဦး**တို့အား **"ဝဏ္ဏကျော်ထင်"**ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ချီးမြှင့် အပ်နှင်းခဲ့ခြင်းအပေါ် "ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့" က အထူးဂုဏ်ယူ ဝမ်းမြောက်ပါ ကြောင်းနှင့် မြတ်ဗုဒ္ဓ၏သာသနာတော်ကြီး အရှည်တည်တံ့ သန့်ရှင်းထွန်းကား ပြန့်ပွားစေရန် အားထုတ်ဆောင်ရွက်နိုင် ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

### အမည်ပြောင်း

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ပေကုန်းကျေးရွာ "အ.လ.က (ခွဲ)"၊ Grade-3 ၊ ကျောင်းဝင်အမှတ် (၀၁၄၀)တွင် ပညာသင်ကြားနေသော ဖခင် ဦးရဲမောင်မောင် [၁၄/မမန(နိုင်) ၃၁၉၅၀၆]၏သား မောင်သုခအောင်အား မောင်အောင်စစ်လင်းဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်စစ်လင်းဝေ**

### "အများသိစေရန် အသိပေးကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာ၊ ဘားလားစံပြ ကျေးရွာ ကွင်းအမှတ်(၄၉၅-အေ)၊ မြေကွက်အမှတ်(၈၄၂)၊ မြေအကျယ် အဝန်း (၁၂၀x၁၀၀)ပေ၊ မြေအမည်ပေါက် ဒေါ်တင်အေး(HGU-၀၂၅၂၅၅) ပါမစ်မြေအမျိုးအစား မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ၁။ ဦးသက်နိုင်(MGDN-၀၃၉၁၈၄)၊ ၂။ ဒေါ်သီသီမာ[၁၂/မဂဒ(နိုင်)၀၇၄၃၇၂] တို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်း လာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်သန်း[၉/မရမ(နိုင်)၀၇၇၀၇၉] မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများပေးချေခဲ့ပြီး လက်ရောက်ပိုင်ဆိုင် ထားပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန္တာဦး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၄၆)**
**ဖုန်း-၀၉-၄၂၈၁၄၄၅၇၅၊ ၀၉-၇၈၅၁၂၇၁၆၀၊ ၀၉-၈၈၅၈၀၈၈၀၈**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ဆားမလောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၈၂၊ ဆားမလောက်ကွင်း)၊ ဦးပိုင်အမှတ် (၁၄၆/ခ၊ ၁၄၇/၂)၊ ဧရိယာ(၀.၆၂)ဧကရှိ မြေအား ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာအုပ်စုနေ ဦးညီနိုင်ထွန်းမှ စက်မှု၊ စီးပွားမြေငှားဂရန်အသစ်ရရှိရေးအတွက် လယ - ၃၀ ခွင့်ပြုမိန့်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ စက်မှု၊ စီးပွားမြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာ၊ ဘားလားစံပြကျေးရွာ၊ ကွင်းအမှတ်(၄၉၅-အေ)ရှိ မြေကွက်အမှတ်(၁၀၀၇)အမည်ပေါက် ဒေါ်တင်အောင်(ဘ)ဦးဘိုးညဏ်၊ မြေကွက်အမှတ်(၁၀၀၈)အမည်ပေါက် ဦးလှရွှေ(ဘ)ဦးစိန်ရိုး[၁၂/လကန(နိုင်)၀၅၁၆၄၂]၊ မြေကွက်အမှတ်(၁၀၀၉)အမည်ပေါက် ဦးသောင်းထွန်း(ဘ)ဦးအောင်ရှိန်[၁၂/လကန(နိုင်)၀၅၁၈၂၁]၊ မြေကွက်အမှတ်(၁၀၁၀)အမည်ပေါက် ဦးစိုး(ဘ)ဦးမောင်မောင်၊ ပါမစ်မြေအမျိုးအစားမြေအကျယ်အဝန်း(၁၂၀x၁၀၀)ပေအကျယ်စီကျယ်ဝန်းပါသော အထက်ပါမြေကွက်အသီးသီးအား ၎င်းတို့အသီးသီးထံမှဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူဟု အဆိုပြုလာသူ ဦးနိုင်ဝင်းအောင်[၁၂/ဥကမ(နိုင်)၁၈၃၇၅၀]က ကျွန်ုပ်၏မိတ်ဆွေအား ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ အထက်ပါမြေကွက်အသီးသီးနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိပါကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများကို ယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန္တာဦး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၄၆)**
**ဖုန်း-၀၉-၄၂၈၁၄၄၅၇၅၊ ၀၉-၇၈၅၁၂၇၁၆၀၊ ၀၉-၈၈၅၈၀၈၈၀၈**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ဆားမလောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၈၂၊ ဆားမလောက်ကွင်း)၊ ဦးပိုင်အမှတ် (၁၄၆/ခ၊ ၁၄၇/၂)၊ ဧရိယာ(၀.၃၉)ဧကရှိ မြေအား ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာအုပ်စုနေ ဦးညီနိုင်ထွန်းမှ စက်မှု၊ စီးပွားမြေငှားဂရန်အသစ်ရရှိရေးအတွက် လယ - ၃၀ ခွင့်ပြုမိန့်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်း နှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ စက်မှု၊ စီးပွားမြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ မအူပင်မြို့**

### တိုက်အမှတ်-၄၅၊ အခန်းအမှတ်-၁၊ ဗဟိုစည်အိမ်ရာ၊ ၁၀ ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပတ်သက်၍သက်ဆိုင်သူများ သိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဂျွန်ဘတ်စ်ကို [၁၂/လမတ(ဧည့်) ၀၀၀၀၄၂]၏လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗဟိုစည်အိမ်ရာ၊ တိုက်အမှတ်-၄၅၊ အခန်းအမှတ်-၁ သည် ကွယ်လွန်သူများဖြစ်သော အဖ ဦးARULANDU နှင့် အမိ ဒေါ်ယာဂမာ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသည့်သားသမီးများ အမွေဆိုင်အခန်းဖြစ်ပါသည်။ အဆိုပါအခန်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံလွှဲပြောင်းခြင်း မပြုလုပ်ရန် အသိပေးတားမြစ်လိုက်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါကတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးဂျွန်ဘတ်စ်ကို** | **ဒေါ်သွဲ့သွဲ့လေး (LL.B)** |
| **[၁၂/လမတ(ဧည့်)၀၀၀၀၄၂]** | **အထက်တန်းရှေ့နေ** |
| | **(စဉ်- ၁၂၈၇၅/၉-၄-၁၉၈၆)** |
| | **၁၇/၂၁ ၊ ၃၅လမ်း(အောက်)၊** |
| | **ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၉၆၆၈၆၈၃၉၈၊ ၀၉ -၇၅၁၆၄၉၆၃၈** |

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄-F ၊ ၃၄-G ၊ ၃၄-I) ၊ မြေကွက်အမှတ်(၇၁၅)အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးသန်းမြင့်၊ TKA-၀၂၂၁၄၄ ထံမှ စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးတင်ဦး[၁၂/တမန(နိုင်)၀၇၉၃၀၆]က ၎င်းအမည်ဖြင့် မြေငှားစာချုပ် ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြလျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ဖခင်အမည်မှန်

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ မင်္ဂလာဒုံမြို့နယ်၊ သံလွင်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-9 မှ မတွယ်တာချစ်၏ ဖခင်အမည်မှန်မှာ ဦးခင်အောင်[၁၀/ကထန (နိုင်)၀၀၄၀၆၈]ဖြစ်ပါကြောင်း။

**ဦးခင်အောင်**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရှာသာကြီး စီးပွားရေးတက္ကသိုလ်တွင် ဒုတိယနှစ်တက်ရောက်နေသော မသန့်ရှင်းနေ၏ ဖခင်အမည်မှန်မှာ ဦးခင်အောင်[၁၀/ကထန(နိုင်) ၀၀၄၀၆၈] ဖြစ်ပါကြောင်း။

**ဦးခင်အောင်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်-(၅)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ်-၅/၅၈၊ ဦးထွန်းခင်အမည်ပေါက် မြေချပါမစ်၊ အကျယ်အဝန်း(၂၅x၅၀)ပေရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးငြိမ်း မှတ်ပုံတင်အမှတ်[၁၂/မဘန(နိုင်)၀၇၂၃၆၉]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေမှ အမည်ပေါက်၏ဇနီးထံမှ (၅-၅-၁၉၉၂)နှစ်ဦးသဘောတူ အိမ်နှင့် မြေအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်နှင့် တရားဝင် ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း ရောင်းချပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ အာခမခံခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းမှုများကို ပြုလုပ်ပိုင်ခွင့်မရှိကြောင်း ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သော်သော်မင်းသူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၁၄၅)**
**အမှတ်-၆၂၊ ရွှေလှိုင်လမ်း၊ မကျည်းတန်းတောင်(အရှေ့)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။ ဖုန်း-၀၉-၂၂၀၁၆၉၃၊ ၀၉-၄၃၁၀၄၈၄၈**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၆၃/စက်မှုဇုန်၊ မြေကွက်အမှတ်-၁၀၈၀၊ ၁၀၈၁၊ ၁၀၈၂၊ ၁၀၈၃၊ အကျယ်အဝန်း( ၄၀ ပေ x ၆၀ ပေ ) စီရှိ နှစ်(၆၀)မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၃)ရပ်ကွက်၊ ရွှေတောင်ကြား(၅)လမ်း၊ အမှတ်-၁၀၈၀၊ ၁၀၈၁၊ ၁၀၈၂၊ ၁၀၈၃ ဟုခေါ်တွင်သော မြေကွက် (၄)ကွက်နှင့် ယင်းမြေကွက် (၄)ကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ဝင်း [၁၂/ကတတ(နိုင်)၀၀၂၄၈၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အဆောက်အဦအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်(၃၂)၊ Golden Gate ကုမ္ပဏီမှ ဆောက်လုပ်ပြီးစီးထားသော ပြည့်စုံချမ်းသာကွန်ဒို၊ Unit (H)၊ ၁၀-လွှာရှိ ကွန်ဒိုတိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုလာသူ ဒေါ်ဆုသက်ပိုင်အောင် [၁၂/တမန(နိုင်)၁၂၅၇၀၁]ထံမှ ကျွန်မ ဒေါ်နန်းသူဇာအောင် [၁၃/မဆတ(နိုင်)၀၂၈၆၇၇]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းချငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းသူဇာအောင်**
**[၁၃/မဆတ(နိုင်)၀၂၈၆၇၇]**
**ဖုန်း-၀၉-၇၅၀၂၃၀၄၆၆**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ မြေတိုင်းရပ်ကွက်(၂)၊ မြေကွက်အမှတ်(၂/၁၂)၊ (၂၅ပေx ၅၀ပေ)အကျယ်ရှိ ဦးဆန်းဝင်း အမည်ပေါက်မြေငှားဂရန်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏(၃)လွှာ(ခြေရင်း)၊ ဒုတိယထပ်၊ တိုက်ခန်း(၁) ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံခြင်းနှင့် တာဝန်ယူဆောက်လုပ်သူ ဦးရဲသူရအောင် [၁၂/လမတ(နိုင်)၀၃၁၅၃၄]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်သီမိုး[၁၂/ဗဟန(နိုင်)၀၀၉၆၅၆]က ဝယ်ယူရန်အတွက် (၂၀- ၁၂- ၂၀၂၃)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စရန်ငွေပေးကတိစာချုပ် ချုပ်ဆိုပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အထက်ပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်တင်တင်ထွေး** | **ဒေါ်ကြည်ကြည်လေး** |
| **(LLB, DBL) (စဉ်-၈၀၁၀)** | **(LLB, DBL)(စဉ်-၇၃၃၃)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E-1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၃၃၆၃၅၇၀၊ ၀၉-၉၅၅၁၉၉၅၁၅**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း...**

❖ **မြေအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွားရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်


၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံး ရင်းနှီးလည်ပတ်ငွေ လိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာမှုရှိသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့် ညီညွတ်ပါက လျှောက်ထားနိုင်ပါသည်-

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

( ခ ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရရှိရမည်၊

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❒


ဂျိုရှုအာဗန်


ဖိလစ်ပီဘူနက်စ်

## မြန်မာ MMA ဖိုက်တာ ဂျိုရှုအာဗန် UFC မှ စီစဉ်သည့် တတိယပွဲစဉ် ထိုးသတ်မည်

ရန်ကုန် ဇန်နဝါရီ ၈

နာမည်ကြီးတိုက်ခိုက်ရေး အဖွဲ့အစည်းဖြစ်သော UFC နှင့် လက်တွဲထားသည့် မြန်မာ MMA ဖိုက်တာ ဂျိုရှုအာဗန်သည် တတိယပွဲစဉ် ထိုးသတ်ရမည်ဖြစ်ပြီး ဘရာဇီးနိုင်ငံသား ဖိလစ်ပီဘူနက်စ်နှင့် ထိုးသတ်မည်ဖြစ်သည်။

**ထိုးသတ်မည်**

ဂျိုရှုအာဗန်သည် ၂၀၂၃ ခုနှစ်မှစတင်ကာ UFC နှင့် လက်တွဲခဲ့သည့် ပထမဆုံးနှစ်တွင် နှစ်ပွဲထိုးသတ်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ပထမဆုံးပွဲအဖြစ် ဇန်နဝါရီ ၁၃ ရက်(ဇန်နဝါရီ ၁၄ ရက် မြန်မာစံတော်ချိန် နံနက်အစောပိုင်း) တွင် ကျင်းပမည့် UFC Fight Night ပြိုင်ပွဲ၌ ထိုးသတ်ရမည်ဖြစ်သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ■

## အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး လီဗာပူးအသင်း အက်ဖ်အေဖလား နောက်တစ်ဆင့် တက်လှမ်း


အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အာဆင်နယ်အသင်းနဲ့ လီဗာပူးအသင်းတို့ ဇန်နဝါရီ ၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်မှာ လီဗာပူးအသင်းက အိမ်ရှင် အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားပြိုင်ပွဲရဲ့ စတုတ္ထအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းအနေနဲ့ ဂိုးရရှိနိုင်မယ့် အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တာကြောင့် လီဗာပူးအသင်းက

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**

**စစ်တွေမြို့၌ အရပ်သား ၆၀ ခန့်ကို တပ်မတော်က အင်အားသုံးဖမ်းဆီးဟု မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၄

---

**ကလေးအကျဉ်းထောင်တွင် နိုင်ကျဉ်း ၂၈ ဦး နှစ်ချီသံခြေချင်းခတ် တိုက်ပိတ်ခံခဲ့ရဟု ကောလာဟလ သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅



**စာပေ ယဉ်ကျေးမှု လက်ဆင့်ကမ်း ထိန်းသိမ်း**

ဆောင်းပါး

စာမျက်နှာ » ၁၆